စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာနမှ သုတေသနပြု၍ အခမဲ့ ဖြန့်ဝေပါသည်။

# AGRIBUSINESS BULLETIN


## ဆန်စပါး




Vol (7), May, 2023

### (က) ကမ္ဘာ့ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုနှင့် သုံးစွဲမှု

၁။ ဆန်စပါးသည် နှံစားသီးနှံများအနက် စိုက်ပျိုးထုတ်လုပ်သုံးစွဲမှု အများဆုံးသီးနှံတစ်ခုဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံခန့်သည် ဆန်စပါးကို အဓိက အစားအစာအဖြစ် စားသုံးလျက်ရှိကြပါသည်။ နှစ်စဉ် ဆန်စပါးစိုက်ပျိုးထုတ်လုပ်လျက်ရှိသော နိုင်ငံပေါင်း (၁၁၀) ကျော်ရှိနေပြီး ၎င်းမှတစ်ဆင့် ထုတ်ကုန်မျိုးစုံ ထုတ်လုပ်သုံးစွဲလျက်ရှိကြပါသည်။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၏ (၉၀) ရာခိုင်နှုန်းခန့်ကို အာရှတိုက်တွင် စိုက်ပျိုးထုတ်လုပ်ကြပြီး အထူးသဖြင့် အာဆီယံနိုင်ငံများနှင့်အိမ်နီးချင်း တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်အစရှိသော ဒေသတွင်းနိုင်ငံများတွင် အဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ နှစ်စဉ် ကမ္ဘာ့ဆန်စပါး ထုတ်လုပ်မှု၏ (၂၅) ရာခိုင်နှုန်းနှင့်အထက်သည် အာဆီယံနိုင်ငံများမှဖြစ်ပြီး အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်း၊ မြန်မာ၊ ဖိလစ်ပိုင်တို့သည် ကမ္ဘာ့ဆန်စပါး ထုတ်လုပ်မှု အများဆုံးနိုင်ငံများတွင် ပါဝင်နေပါသည်။ (ပုံ-၁)





ပုံ (၁) ဆန်စပါးထုတ်လုပ်မှုအများဆုံးနိုင်ငံများနှင့် အာဆီယံနိုင်ငံများ၏ ထုတ်လုပ်မှုနှိုင်းယှဉ်ချက် *(FAOstat)*




ပုံ (၂) နှစ်အလိုက် ကမ္ဘာ့ဆန်စပါး ထုတ်လုပ်မှု အခြေအနေ *(FAOstat)*

၂။ ၂၀၁၅ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ဆန်စပါးထုတ်လုပ်မှု အများဆုံးနှစ်မှာ ၂၀၂၁ ခုနှစ်ဖြစ်ပြီး ထုတ်လုပ်မှု အနည်းဆုံးနှစ်မှာ (၂၀၁၅) ခုနှစ် ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်တွင် ဟက်တာပေါင်း (၁၆၅) သန်းမှ မက်ထရစ်တန်ချိန် (၇၈၇.၃) သန်းခန့် ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ရိတ်သိမ်းဧရိယာ ဟက်တာပေါင်း (၁၆၀.၅) သန်းမှ မက်ထရစ်တန်ချိန် (၇၃၂.၉) သန်းသာ ထုတ်လုပ်နိုင်ခဲ့သဖြင့် ၂၀၁၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၁ ခုနှစ်တွင် မက်ထရစ်တန်ချိန် (၅၄.၄) သန်းခန့် ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။ ကမ္ဘာ့ဆန်လိုအပ်ချက်သည် နှစ်စဉ် တိုးတက်နေသဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုသည် အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိနေခြင်း ဖြစ်ပါသည်။ (ပုံ-၂)




ပုံ (၃) ၂၀၂၀ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်အတွင်း စပါးရိတ်သိမ်းဧရိယာ အများဆုံး နိုင်ငံများ *(FAOstat)*

၃။ ၂၀၂၁ ခုနှစ်တွင် ဆန်စပါး ရိတ်သိမ်းဧရိယာ စုစုပေါင်း (၁၆၅.၄) သန်းရှိခဲ့ပြီး ရိတ်သိမ်းမှု အများဆုံးနိုင်ငံများမှာ အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မြန်မာ၊ ဖိလစ်ပိုင်၊ နိုင်ဂျီးရီးယားနှင့် ပါကစ္စတန်နိုင်ငံတို့ဖြစ်ကြပါသည်။ အဆိုပါ (၁၀) နိုင်ငံ၏ ဆန်စပါးရိတ်သိမ်းဧရိယာများသည် ကမ္ဘာ့ဆန်စပါး ရိတ်သိမ်းဧရိယာစုစုပေါင်း၏ (၈၂) ရာခိုင်နှုန်းအထိ ရှိခဲ့ပြီး အိန္ဒိယနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် ဟက်တာပေါင်း (၄၆.၃၈) သန်းဖြင့် ကမ္ဘာ့ဆန်စပါး ရိတ်သိမ်းဧရိယာစုစုပေါင်း၏ (၂၈.၀၇) ရာခိုင်နှုန်း၊ တရုတ်နိုင်ငံသည် ဟက်တာပေါင်း (၃၀.၁၅) သန်းဖြင့် ကမ္ဘာ့ရိတ်သိမ်းဧရိယာစုစုပေါင်း

၏ (၁၈.၂၄) ရာခိုင်နှုန်းအသီးသီး ရိတ်သိမ်းနိုင်ခဲ့ကြပါသည်။ ၂၀၂၀ ခုနှစ်တွင် ကမ္ဘာတစ်ဝှမ်း၌ ရိတ်သိမ်းဟက်တာပေါင်း (၁၆၃.၁) သန်းရှိခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ဟက်တာပေါင်း (၁၆၅.၄) သန်းရှိခဲ့သဖြင့် ၂၀၂၀ ခုနှစ်ထက် ဟက်တာပေါင်း (၃၂.၃) သန်း ပိုမိုရိတ်သိမ်းနိုင်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်သည် ယခင်နှစ်များထက် ဆန်စပါးရိတ်သိမ်းဧရိယာနှင့် အထွက်နှုန်း ပိုမိုမြင့်တက်ခဲ့ခြင်းကြောင့် အခြားနှစ်များနှင့် နှိုင်းယှဉ်ပါက ဆန်စပါးထုတ်လုပ်မှု ပိုမိုမြင့်မားခဲ့ခြင်း ဖြစ်ပါသည်။ (ပုံ-၃)


၄။ အဆိုပါနှစ်တွင် တရုတ်နိုင်ငံသည် တစ်ကေလျှင် (၁၄၁) တင်းနှုန်း၊ အိန္ဒိယနိုင်ငံသည် တစ်ကေလျှင် (၈၃.၅) တင်းနှုန်းအသီးသီးထွက်ရှိခဲ့ပြီး ယခင်နှစ်များထက် အထွက်နှုန်း ပိုမိုမြင့်မားခဲ့ပါသည်။ ဆန်စပါးအထွက်နှုန်း အမြင့်မားဆုံးနိုင်ငံများမှာ အီဂျစ်၊ ဥရုဂွေး၊ ဩစတြေးလျ၊ အမေရိကန်နှင့် ပီရူးနိုင်ငံတို့ဖြစ်ပြီး အီဂျစ်နိုင်ငံသည် တစ်ကေလျှင် (၂၀၂.၃) တင်းနှုန်းဖြင့် အထွက်နှုန်း အမြင့်ဆုံးနိုင်ငံ ဖြစ်ခဲ့ပါသည်။ ထို့ပြင် ဥရုဂွေးနိုင်ငံသည် တစ်ကေလျှင် (၁၈၆.၃) တင်းနှုန်း၊ ဩစတြေးလျနိုင်ငံသည် တစ်ကေလျှင် (၁၈၆) တင်းနှုန်း၊ အမေရိကန်နိုင်ငံသည် တစ်ကေလျှင် (၁၇၁.၃) တင်းနှုန်း၊ ပီရူးနိုင်ငံသည် တစ်ကေလျှင် (၁၆၄.၉) တင်းနှုန်းအသီးသီး ထွက်ရှိခဲ့သဖြင့် ၂၀၂၁ ခုနှစ်အတွက် ဆန်စပါး အထွက်နှုန်း အမြင့်ဆုံးနိုင်ငံများ အဖြစ် ရပ်တည်ခဲ့ပါသည်။ အဆိုပါနှစ်အတွင်း အာဆီယံနိုင်ငံများအနက် ဗီယက်နမ်နိုင်ငံသည် အထွက်နှုန်း အကောင်းဆုံးဖြစ်ခဲ့ပြီး တစ်ကေလျှင် (၁၂၀.၄) တင်းနှုန်း ထွက်ရှိခဲ့ပါသည်။ (ဇယား-၁)

ဇယား (၁) နိုင်ငံအလိုက် ဆန်စပါးအထွက်နှုန်းများ

| နိုင်ငံများ | တန်/ဟက်တာ | တင်း/ကေ | နိုင်ငံများ | တန်/ဟက်တာ | တင်း/ကေ |
|---|---|---|---|---|---|
| အီဂျစ် | ၁၀.၂ | ၂၀၂.၃ | ဘင်္ဂလားဒေ့ရှ် | ၄.၉ | ၉၆.၅ |
| ဥရုဂွေး | ၉.၄ | ၁၈၆.၃ | သီရိလင်္ကာ | ၄.၆ | ၉၀.၆ |
| ဩစတြေးလျ | ၉.၄ | ၁၈၆.၀ | အိန္ဒိယ | ၄.၂ | ၈၃.၅ |
| အမေရိကန် | ၈.၆ | ၁၇၁.၃ | ဘူတန် | ၄.၂ | ၈၂.၅ |
| ပီရူး | ၈.၃ | ၁၆၄.၉ | ဖိလစ်ပိုင် | ၄.၂ | ၈၂.၄ |
| တူရကီ | ၇.၇ | ၁၅၃.၁ | လာအို | ၄.၁ | ၈၁.၃ |
| ဂျပန် | ၇.၅ | ၁၄၈.၆ | တောင်ကိုရီးယား | ၄.၀ | ၇၉.၃ |
| စပိန် | ၇.၃ | ၁၄၄.၅ | ပါကစ္စတန် | ၄.၀ | ၇၈.၄ |
| ကင်ညာ | ၇.၃ | ၁၄၄.၃ | နီပေါ | ၃.၈ | ၇၅.၆ |
| တရုတ် | ၇.၁ | ၁၄၁.၀ | မြန်မာ | ၃.၈ | ၇၅.၆ |
| ဗီယက်နမ် | ၆.၁ | ၁၂၀.၄ | မလေးရှား | ၃.၇ | ၇၄.၃ |
| ရုရှား | ၂.၃ | ၁၁၄.၅ | ကမ္ဘောဒီးယား | ၃.၅ | ၆၉.၅ |
| အင်ဒိုနီးရှား | ၅.၂ | ၁၀၃.၆ | ထိုင်း | ၃.၀ | ၅၉.၂ |


*အရင်းအမြစ်။ (FAOstat)*

၅။ ၂၀၁၂ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း စပါးစိုက်ပျိုးမှု အများဆုံး နှစ်များမှာ ၂၀၁၃ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်တို့ဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် စပါးစိုက်ဟက်တာစုစုပေါင်း (၁၆၅.၂၂) သန်းနှင့် ၂၀၂၁ ခုနှစ်တွင် ဟက်တာ (၁၆၅.၂၅) သန်းအသီးသီး ရှိခဲ့ပါသည်။ ၂၀၂၁ ခုနှစ်သည် စိုက်ပျိုးဧရိယာနှင့် ရိတ်သိမ်းဧရိယာများပြားရုံသာမက အထွက်နှုန်းလည်း ကောင်းမွန်ခဲ့သောကြောင့် အဆိုပါနှစ်သည် ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု အများဆုံးနှစ်တစ်နှစ် ဖြစ်ခဲ့ပါသည်။ စပါးစိုက်ပျိုးမှု အနည်းဆုံးနှစ်များမှာ ၂၀၁၅ နှင့် ၂၀၁၉ ခုနှစ်တို့ဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် စပါးစိုက်ဟက်တာပေါင်း (၁၆၀.၅၁) သန်း၊ ၂၀၁၉ ခုနှစ်တွင် ဟက်တာပေါင်း (၁၆၀.၅၂) သန်း အသီးသီးရှိခဲ့ပါသည်။ (ပုံ-၄)




**ပုံ (၄) နှစ်အလိုက် ကမ္ဘာ့ စပါး စိုက်ပျိုးထားရှိမှု အခြေအနေ** *(Statista)*

၆။ ဆန်စပါးသည် ကမ္ဘာပေါ်တွင် စားသုံးမှု အများဆုံး နှံစားသီးနှံတစ်ခုဖြစ်သည့်အပြင် ဆန်ကို အဓိကအစားအစာအဖြစ် အားထား၍ စားသုံးကြသည့် နိုင်ငံပေါင်းများစွာရှိသဖြင့် ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံရေးအတွက် အဓိကကျသော သီးနှံတစ်ခု ဖြစ်ပါသည်။ အာရှတိုက်အတွင်းရှိ လူဦးရေအများဆုံးနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယစသည့်နိုင်ငံများသည် ဆန်ကို အဓိကထား စားသုံးကြသည့်အပြင် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ဆန်စားသုံးမှု အများဆုံးနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ထိုင်း၊ မြန်မာ၊ ဂျပန်နှင့် နိုင်ဂျီးရီးယားတို့တွင် နိုင်ဂျီးရီးယားနိုင်ငံမှအပ ကျန်နိုင်ငံများမှာ





ပုံ (၅) ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း နိုင်ငံအလိုက် ဆန်စားသုံးမှု *(Statista)*

အာရှနိုင်ငံများဖြစ်နေခြင်းကြောင့် အာရှတိုက်သည် ကမ္ဘာပေါ်တွင် ဆန်စားသုံးမှု အမြင့်ဆုံးဒေသတစ်ခုအဖြစ် ရပ်တည်လျက်ရှိပါသည်။ (ပုံ-၅)

၇။ ကမ္ဘာပေါ်တွင် ဆန်စပါး မျိုးကွဲပေါင်း (၁၂၀,၀၀၀) ကျော်ရှိပြီး ၎င်းတို့ကို ကြိတ်ခွဲထားရှိမှုပုံစံ၊ အစေ့တွင်းဆံအရွယ်အစား၊ ကစီဓာတ်ပါဝင်မှု၊ အရောင်အဆင်းနှင့် အနံ့အရသာ စသည်တို့ပေါ် မူတည်၍ အုပ်စုများစွာ ခွဲခြားနိုင်ပါသည်။ ဆန်စပါး စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီမှု၊ စားသုံးသူ ကြိုက်နှစ်သက်မှုစသည်တို့အပေါ် အခြေခံပြီး စိုက်ပျိုးလေ့ရှိသကဲ့သို့ ကုန်သွယ်မှုပြုလုပ်ရာတွင်လည်း နိုင်ငံအလိုက် ကြိုက်နှစ်သက်မှု၊ စားသောက်နည်းစနစ် စသည့်အချက်များပေါ် မူတည်၍ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွာခြားမှု ရှိနိုင်ပါသည်။ ဆန်များကို အမျိုးအစားခွဲခြားရာတွင် ကြိတ်ခွဲထားရှိမှုပုံစံအရ **စပါး (အခွံမချွတ်ထားရသေးသည့်အနေအထား)၊ ဆန်လုံးညို (သို့မဟုတ်) လုံးတီးဆန် (အခွံချွတ်ထားပြီး ဖွဲနုမထုတ်ရသေးသည့်အနေအထား) နှင့် ဆန်ဖြူ (အပြည့်အဝသန့်စင်ပြီး အနေအထား)** ဟူ၍ သုံးမျိုး ခွဲခြားနိုင်ပါသည်။ ထို့ပြင် အစေ့တွင်းဆံအရွယ်အစားနှင့် ခွဲခြားပါက **Long grain rice (ဆန်လုံးရှည်)၊ Medium grain rice (ဆန်လုံးလတ်) နှင့် Short grain rice (ဆန်လုံးတို)** ဟူ၍ သုံးမျိုးခွဲခြားနိုင်ပါသည်။ ထမင်းအဖြစ် ချက်ပြုတ်မည်ဆိုပါက ဆန်လုံးရှည်များသည် ဖွယ်၍စေးကပ်မှုနည်းပြီး ဆန်လုံးတိုများသည် နူးညံ့ပြီး စေးကပ်မှု မြင့်မားပါသည်။ နာမည်ကြီးဆန်များဖြစ်သော Jasmine rice၊ Basmati rice တို့သည် ဆန်လုံးရှည်အုပ်စုများတွင် ပါဝင်ပြီး Sushi rice၊ Bomba rice တို့သည် ဆန်လုံးတိုအုပ်စုများတွင် ပါဝင်ပါသည်။ ကမ္ဘာပေါ်တွင် ဆန်လုံးရှည်အုပ်စုများသည် သုံးစွဲမှုအများဆုံးဖြစ်သည့်အတွက် အဆိုပါ ဆန်အုပ်စုများသည် ဝယ်လိုအားမြင့်မားပါသည်။

၈။ ကမ္ဘာ့လူဦးရေ တဖြည်းဖြည်းတိုးတက်လာသည်နှင့်အမျှ ကမ္ဘာ့ဆန်စားသုံးမှုနှုန်းသည် မြင့်တက်လာသဖြင့် ကမ္ဘာ့ဆန်စပါး လိုအပ်ချက်သည် နှစ်စဉ် မြင့်တက်လာခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆန်စားသုံးမှုကို နှိုင်းယှဉ်ကြည့်ပါက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်သည် ဆန်စားသုံးမှု အမြင့်ဆုံးနှစ် ဖြစ်ခဲ့ပါသည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ဆန်စားသုံးမှုသည် မက်ထရစ်တန်ချိန် (၅၁၉.၉) သန်းရှိခဲ့ပြီး အဆိုပါနှစ်အတွက် ဆန်စပါးတန်ချိန် (၇၈၇.၃) သန်း ထွက်ရှိခဲ့သဖြင့် ကမ္ဘာ့ဆန်စားသုံးမှုပမာဏကို ကာမိအောင် ထုတ်လုပ်ပေးနိုင်ခဲ့ပါသည်။ ထို့အပြင် ဆန်စားသုံးမှု အနည်းဆုံးနှစ်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ဖြစ်ပြီး အဆိုပါနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် (၃.၁) ရာခိုင်နှုန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် (၂.၇) ရာခိုင်နှုန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် (၃.၃) ရာခိုင်နှုန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် (၅.၁) ရာခိုင်နှုန်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် (၆.၉) ရာခိုင်နှုန်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် (၉.၈) ရာခိုင်နှုန်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် (၉.၃) ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့ပါသည်။ (ပုံ-၆)




ပုံ (၆) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ ကမ္ဘာ့ဆန် စားသုံးမှု အခြေအနေ *(Statista)*

## (ခ) ကမ္ဘာ့ဆန်စပါး စိုက်ပျိုးထုတ်လုပ်သုံးစွဲမှုနှင့် ဈေးကွက်အလားအလာများ

၉။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အမေရိကန်နိုင်ငံသည် ဆန်စပါးစိုက်ပျိုးဧရိယာများ တိုးချဲ့လာခြင်းကြောင့် ယခင်နှစ်ထက်

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု (၂၀) ရာခိုင်နှုန်း မြင့်တက်နိုင်ကြောင်း ခန့်မှန်းထားကြပါသည်။ ၂၀၂၄ ခုနှစ်အတွင်း ကြိတ်ခွဲပြီး ဆန်ကုန်သွယ်မှုသည် မက်ထရစ်တန်ချိန် (၅၅.၈) သန်း ရှိနိုင်ပြီး ယခင်နှစ်ထက် မက်ထရစ်တန်ချိန် (၀.၁) သန်းခန့် လျော့ကျနိုင်ကြောင်း ခန့်မှန်းထားကြပါသည်။ အဆိုပါနှစ်အတွင်း အိန္ဒိယနိုင်ငံသည် ကမ္ဘာ့အကြီးမားဆုံး ဆန်တင်ပို့သူအဖြစ် ဆက်လက်ရပ်တည်နိုင်ပြီး ပင်လယ်ရေကြောင်းကုန်သွယ်မှုဖြင့် ဆန်တန်ချိန် (၂၂.၅) သန်းခန့် ရှိနိုင်ကြောင်း ခန့်မှန်းထားကြပါသည်။ ထိုနည်းတူ တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည်လည်း ဆန်တင်သွင်းမှု အများဆုံးနိုင်ငံများအဖြစ် ဆက်လက်ရှိနေနိုင်ပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကြိတ်ခွဲပြီးဆန်ထုတ်လုပ်မှုအနေဖြင့် မက်ထရစ်တန်ချိန် (၅၂၀.၅) သန်းခန့်ရှိနိုင်ပြီး ထိုသို့မြင့်မားနိုင်ခြင်းမှာ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့၌ စံချိန်တင်ရိတ်သိမ်းနိုင်ရန် မျှော်မှန်းထားခြင်း၊ ဥရောပသမဂ္ဂနိုင်ငံများအတွင်း မိုးခေါင်ရေရှားမှုဒဏ်မှ ပြန်၍နလန်ထူလာနိုင်သကဲ့သို့ မြန်မာ၊ ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံတို့တွင်လည်း ထုတ်လုပ်မှု ပြန်လည်အားကောင်းလာခြင်း၊ ထိုင်း၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ အီဂျစ်၊ အာဂျင်တီးနား၊ ဗြစ်တွေးလျှနှင့် ဂါနာအစရှိသည့်နိုင်ငံများ၏ ထုတ်လုပ်မှု တိုးတက်လာခြင်းစသည်တို့ကြောင့် ဖြစ်ပါသည်။ သို့သော် ဆန်စပါးထုတ်လုပ်မှုသည် စားသောက်မှုပုံစံပြောင်းလဲလာခြင်းကြောင့် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများတွင် ကျဆင်းနိုင်ကြောင်း မှန်းဆထားကြပါသည်။

၁၀။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကမ္ဘာ့ဆန်စပါးရရှိနိုင်မှုမှာ မက်ထရစ်တန်ချိန် (၆၈၉.၇) သန်း ဖြစ်ပြီး ကမ္ဘာ့ဆန်စပါးစားသုံးမှုနှင့် အလေအလွင့်စုစုပေါင်းသည် မက်ထရစ်တန်ချိန် (၅၂၃) သန်း ရှိနိုင်ကြောင်း ခန့်မှန်းထားကြပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လူဦးရေတိုးတက်လာခြင်းနှင့်အညီ ပြည်တွင်းလိုအပ်ချက် မြင့်မားလာခြင်းကြောင့် ပြည်တွင်းဆန်စပါးသုံးစွဲမှုနှင့် အလေအလွင့်စုစုပေါင်းသည် ယခင်နှစ်ထက် ပိုမိုမြင့်တက်နိုင်ပြီး မက်ထရစ်တန်ချိန် (၃၈.၂) သန်းထိ ရှိနိုင်ကြောင်း ခန့်မှန်းထားကြပါသည်။ ထိုနည်းတူ အိန္ဒိယနိုင်ငံ၏ ဆန်စပါးလိုအပ်ချက်သည်လည်း မက်ထရစ်တန်ချိန် (၁၁၃) သန်းအထိ မြင့်တက်နိုင်ကြောင်း ခန့်မှန်းထားကြပြီး အဆိုပါနှစ်နိုင်ငံအတွင်း၌ ဂျုံဈေးနှုန်းများ ဆက်လက်မြင့်တက်နေသဖြင့် ဂျုံနှင့်ဆက်စပ်သော အစားအသောက်များအစား ဆန်ကို ပြောင်းလဲစားသောက်လာကြသည့်အတွက် ယခုကဲ့သို့ တိုးမြင့်လာခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ပင် အီဂျစ်နှင့် အီရပ်နိုင်ငံများ အပါအဝင် မြောက်အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသများ၌လည်း ဂျုံအခြေခံသော စားသောက်ကုန်များ ဈေးနှုန်းမြင့်မားနေခြင်းကြောင့် ဆန်စားသုံးမှု မြင့်တက်ရန် လှုံ့ဆော်ပေးနိုင်ကြောင်း ခန့်မှန်းထားကြပါသည်။ အဆိုပါနှစ်အတွင်း အမေရိကန်နိုင်ငံ၏ ဆန်လိုအပ်ချက်သည် ယခင်နှစ်ထက် မက်ထရစ်တန်ချိန် (၉၅,၀၀၀) ခန့် မြင့်တက်ပြီး မက်ထရစ်တန်ချိန် (၄.၉) သန်းထိ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားကြပါသည်။

၁၁။ တရုတ်နိုင်ငံ၏ တိရစ္ဆာန်စာထုတ်လုပ်သည့်လုပ်ငန်းများတွင် ဆန်အစား ပြောင်းကို ပြောင်းလဲသုံးစွဲလာမှုကြောင့် ပြည်တွင်းဆန်စပါးလိုအပ်ချက်သည် ယခင်နှစ်ထက် မက်ထရစ်တန်ချိန် (၂.၉) သန်း ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားကြပါသည်။ ဘရာဇီးနိုင်ငံသည်လည်း နိုင်ငံသားတစ်ဦးချင်း ဆန်စားသုံးမှုနှုန်း ကျဆင်းလာခြင်းကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်းတွင် မက်ထရစ်တန်ချိန် (၀.၁) သန်း ကျဆင်းပြီး မက်ထရစ်တန်ချိန် (၆.၈) သန်းသာ ရှိနိုင်ကြောင်း ခန့်မှန်းထားကြပါသည်။ ထို့အတူ အင်ဒိုနီးရှားနိုင်ငံသည်လည်း နိုင်ငံသားများ၏ ဝင်ငွေအရ စားသောက်မှုစနစ် ပြောင်းလဲလာခြင်းကြောင့် နိုင်ငံသားတစ်ဦးချင်း ဆန်စားသုံးမှုနှုန်း ကျဆင်းလာသည့်အတွက် ယခင်နှစ်ထက် မက်ထရစ်တန်ချိန် (၀.၁) သန်း ကျဆင်းကာ မက်ထရစ်တန်ချိန် (၃၅.၂) သန်း ရှိနိုင်ကြောင်း ခန့်မှန်းထားကြပါသည်။

၁၂။ ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့ဆန်စပါးကုန်သွယ်မှုသည် ယခင်နှစ်ထက် မက်ထရစ်တန်ချိန် (၀.၂) သန်း လျော့နည်းပြီး မက်ထရစ်တန်ချိန် (၅၄.၂) သန်းဖြစ်ခဲ့ပါသည်။ ယခုနှစ်အတွင်း အာဂျင်တီးနား၊ ဘရာဇီး၊ ကမ္ဘောဒီးယား၊ ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ လာအို၊ မလေးရှား၊ ပါကစ္စတန်၊ ပါရာဂွေး၊ ရုရှား၊ တန်ဇန်းနီးယား၊ အမေရိကန်၊ ဥရုဂွေးနှင့် ဗီယက်နမ်နိုင်ငံတို့၏ ဆန်စပါးတင်ပို့မှုမှာ ကျဆင်းနိုင်သော်လည်း ဗြစ်တွေးလျှ၊ မြန်မာနှင့် ထိုင်းနိုင်ငံများမှာ ဆန်စပါး ပိုမိုတင်ပို့နိုင်ကြောင်း ခန့်မှန်းထားကြပါသည်။ ၂၀၂၃ ခုနှစ်အတွင်း အာဖဂန်နစ္စတန်၊ ဗြစ်တွေးလျှ၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ ကနေဒါ၊ ချီလီ၊ အီရန်၊ အီရပ်၊ ကင်ညာ၊ မက္ကဆီကို၊ နိုင်ဂျီးရီးယား၊ ဖိလစ်ပိုင်၊ ဆီနီဂေါ၊ သီရိလင်္ကာ၊ ထိုင်ဝမ်၊ တူရကီ၊ ယူအေအီးနှင့် ဗီယက်နမ်နိုင်ငံတို့သည် ယခင်နှစ်ထက် ဆန်တင်သွင်းမှု လျော့ကျနိုင်ပြီး ကွန်ဂို၊ အီကွေဒေါ၊ အီးယူ၊ ဂါနာ၊ အင်ဒိုနီးရှား၊ ဂျပန်၊ မြောက်ကိုရီးယား၊ ကူဝိတ်၊ လစ်ဗျား၊


နီပေါ၊ ပီရူး၊ တောင်အာဖရိက၊ ဆွစ်ဇလန်၊ ထိုင်း၊ ယူကရိန်း၊ အမေရိကန်နှင့် ဗင်နီဇွဲလားနိုင်ငံများမှာ ယခုနှစ်အတွင်း ဆန်တင်သွင်းမှု ပိုမိုနိုင်ကြောင်း ခန့်မှန်းထားကြပါသည်။ ၎င်းတို့အနက် အမေရိကန်နှင့် အီးယူနိုင်ငံများသည် ၂၀၂၃ ခုနှစ်အတွင်းတွင် ဆန်တင်သွင်းမှု အမြင့်ဆုံးထိ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းတွက်ချက်ထားကြပါသည်။ အမေရိကန်သည် ထိုင်းနိုင်ငံမှ Jasmine rice ကို အဓိကတင်သွင်းပြီး ယခုနှစ်တွင်လည်း ပိုမိုတင်သွင်းနိုင်ကြောင်း ခန့်မှန်းထားကြပါသည်။ အိမ်နီးချင်းနိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဂျုံဈေးနှုန်းများ ပိုမိုမြင့်တက်ခြင်းကြောင့် ဆန်စားသုံးမှု ပိုမိုမြင့်မားလာသည့်အတွက် ဆန်တင်သွင်းမှု ပိုမိုမြင့်မားနိုင်ကြောင်း ခန့်မှန်းထားကြပါသည်။

၁၃။ ၂၀၂၂ ခုနှစ်အတွင်း တရုတ်နိုင်ငံတွင် မိုးပြင်းထန်စွာ ရွာသွန်းမှုကြောင့် စပါးစိုက်ဧရိယာ အများအပြား ရေမြုပ်ပျက်စီးခဲ့သဖြင့် ဆန်စပါးထုတ်လုပ်မှု နည်းပါးခြင်း၊ ပါကစ္စတန်နိုင်ငံတွင်လည်း စပါးခင်းများ ပြင်းပြင်းထန်ထန် ရေနစ်မြုပ်ဒဏ် ခံစားခဲ့ရသည့်အတွက် ယခင်နှစ်များထက် ဆန်စပါး ထုတ်လုပ်မှု (၃၁) ရာခိုင်နှုန်းအထိ လျော့ကျသွားခြင်း၊ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် အိန္ဒိယနိုင်ငံသည် ဆန်ကွဲတင်ပို့မှုကို ပိတ်ပင်ခဲ့ခြင်း၊ ရုရှားနှင့်ယူကရိန်းအရေးအခင်းများအတွင်း ဂျုံနှင့်ပြောင်းတို့အစား ဆန်စပါးသည် အစားထိုးကုန်စည်ဖြစ်လာခြင်းအရ လိုအပ်ချက်ပိုမိုမြင့်မားလာခြင်း စသည့်အချက်များကြောင့် ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့ဆန် စပါးဈေးကွက်တွင် ရောင်းလိုအား၊ ဝယ်လိုအား မမျှတသည့် အခြေအနေနှင့် ရင်ဆိုင်ရနိုင်ပါသည်။ ထို့ကြောင့် ဆန်စပါးကို အဓိကထုတ်လုပ်သော မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းဆန်ဖူလုံရေးကို မထိခိုက်ပါက အဆိုပါ အခွင့်အရေးများကို အသုံးချပြီး ပြည်ပဈေးကွက်သို့ ဆန်ပိုမိုတင်ပို့နိုင်ရေး အလေးထားဆောင်ရွက်ရမည့် ကာလတစ်ခုဖြစ်ပါသည်။

## (ဂ) ကမ္ဘာ့ဆန်စပါး ကုန်သွယ်မှုနှင့် ဈေးနှုန်းများ

၁၄။ ဆန်စပါးသည် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် အရေးပါသော သီးနှံတစ်ခုဖြစ်သည့်အတွက် အချို့သောနိုင်ငံများတွင် ဆန်စပါးကုန်သွယ်မှုကို မူဝါဒပိုင်းဆိုင်ရာထိန်းချုပ်မှုများ ပြုလုပ်လေ့ရှိကြပါသည်။ ဆန်စပါး တင်သွင်းရသောနိုင်ငံများသည် ဈေးကွက်တည်ငြိမ်ရေးဆိုင်ရာမူဝါဒများကို လိုက်နာကျင့်သုံးလေ့ရှိကြသော်လည်း ဆန်စပါးတင်ပို့သည့်နိုင်ငံများမှာမူ ပို့ကုန်မြှင့်တင်ရေး မူဝါဒများကိုသာ ကျင့်သုံးလေ့ရှိကြပါသည်။

၁၅။ ကမ္ဘာ့ဆန်စပါးကုန်သွယ်မှုကို အဓိကအားဖြင့် အမျိုးအစား (၄) မျိုးခွဲခြား၍ ကုန်သွယ်ကြပြီး အခွံမချွတ်ရသေးသောစပါးကုန်သွယ်မှုအတွက် သတ်မှတ်ထားသော HS code မှာ ၁၀၀၆၁၀ ဖြစ်ပြီး ကုန်စည်အမည်ဖော်ပြချက်မှာ Cereals; rice in the husk (paddy or rough) ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် ၏ အခွံမချွတ်ရသေးသောစပါး စုစုပေါင်းတင်ပို့မှုသည် မက်ထရစ်တန်ချိန် (၃.၀၅) သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၁.၁၂) ဘီလီယံ ရှိခဲ့ပြီး တင်ပို့သောနိုင်ငံပေါင်း (၉၉) နိုင်ငံရှိခဲ့ပါသည်။ တင်ပို့မှု အများဆုံး နိုင်ငံများမှာ အမေရိကန်၊ အိန္ဒိယ၊ တရုတ်၊ ဘရာဇီးနှင့် ဥရုဂွေးတို့ဖြစ်ပြီး အဆိုပါနိုင်ငံများ၏ တင်ပို့မှုပမာဏသည် ကမ္ဘာ့စပါးတင်ပို့မှု၏ (၈၄.၇၃) ရာခိုင်နှုန်းအထိ ရှိခဲ့ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း အခွံမချွတ်ရသေးသောစပါး တင်သွင်းမှုစုစုပေါင်းသည် မက်ထရစ်တန်ချိန် (၃.၄၁) သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၁.၅၂) ဘီလီယံရှိခဲ့ပြီး တင်သွင်းခဲ့သော နိုင်ငံပေါင်း (၁၃၄) နိုင်ငံရှိခဲ့ပါသည်။ တင်သွင်းမှုအများဆုံး နိုင်ငံများမှာ ဗီယက်နမ်၊ မက္ကဆီကို၊ နီပေါ၊ ဖိလစ်ပိုင်နှင့် ကော်စတာရီကာနိုင်ငံတို့ဖြစ်ပြီး အဆိုပါနိုင်ငံများ၏ တင်သွင်းမှုတန်ဖိုးသည် ကမ္ဘာ့စပါးတင်သွင်းမှု စုစုပေါင်း၏ (၆၈.၉၉) ရာခိုင်နှုန်းရှိခဲ့ပါသည်။





ပုံ (၇) ၂၀၂၁ ခုနှစ်၏ ကမ္ဘာ့ဆန်လုံးညို တင်ပို့၊ တင်သွင်းမှု အခြေအနေ (WITS)

၁၆။ ဆန်လုံးညို ကုန်သွယ်မှုအတွက် သတ်မှတ်ထားသော HS code မှာ ၁၀၀၆၂၀ ဖြစ်ပြီး ကုန်စည်အမည်ဖော်ပြချက်မှာ Cereals; husked (brown) rice ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း ဆန်လုံးညိုတင်ပို့မှုသည် မက်ထရစ်တန်ချိန် (၂.၂၆)

သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၁.၄၉) ဘီလီယံရှိခဲ့ပြီး တင်ပို့သော နိုင်ငံပေါင်း (၉၉) နိုင်ငံရှိခဲ့ပါသည်။ တင်ပို့မှု အများဆုံးနိုင်ငံများမှာ ပါကစ္စတန်၊ တရုတ်၊ အမေရိကန်၊ ပါရာဂွေးနှင့် မြန်မာနိုင်ငံတို့ဖြစ်ပြီး အဆိုပါနိုင်ငံများ၏ တင်ပို့မှုပမာဏ သည် ကမ္ဘာ့ဆန်လုံးညို တင်ပို့မှု၏ (၅၇.၂၅) ရာခိုင်နှုန်း ရှိခဲ့ပါသည်။ ၂၀၂၂ ခုနှစ်အတွင်း ဆန်လုံးညိုတင်သွင်းမှု စုစုပေါင်းသည် မက်ထရစ်တန်ချိန် (၃.၄၈) သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၂.၄၉) ဘီလီယံရှိခဲ့ပြီး တင်သွင်းခဲ့သော နိုင်ငံပေါင်း (၁၄၃) နိုင်ငံရှိခဲ့ ပါသည်။ တင်သွင်းမှု အများဆုံးနိုင်ငံများမှာ ဥရောပသမဂ္ဂနိုင်ငံများ၊ တောင်ကိုရီးယား၊ ယူကေ၊ ဘယ်လ်ဂျီယံနှင့် နယ်သာလန်နိုင်ငံတို့ဖြစ်ပြီး အဆိုပါနိုင်ငံများ၏ တင်သွင်းမှုတန်ဖိုးသည် ကမ္ဘာ့ဆန်လုံးညိုတင်သွင်းမှု၏ (၅၉.၇၄) ရာခိုင်နှုန်း ရှိခဲ့ပါသည်။ (ပုံ-၇)

၁၇။ ဆန် (အခွံချွတ်ပြီး) ကုန်သွယ်မှုအတွက် သတ်မှတ်ထားသော HS code မှာ ၁၀၀၆၃၀ ဖြစ်ပြီး ကုန်စည်အမည်ဖော်ပြချက် မှာ Cereals; rice, semi-milled or wholly milled, whether or not polished or glazed ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်အတွင်း ဆန် (အခွံချွတ်ပြီး) တင်ပို့မှုသည် မက်ထရစ်တန်ချိန် (၃၉.၉၉) သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၂၂.၁၃) ဘီလီယံ ရှိခဲ့ပြီး တင်ပို့သော နိုင်ငံပေါင်း (၁၂၃) နိုင်ငံရှိခဲ့ပါသည်။ တင်ပို့မှု အများဆုံးနိုင်ငံများဖြစ်သော အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန် နှင့် အမေရိကန်နိုင်ငံတို့၏ တင်ပို့မှုပမာဏသည် ကမ္ဘာ့ဆန်တင်ပို့မှု၏ (၇၉.၀၉) ရာခိုင်နှုန်း ရှိခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၏ ဆန် (အခွံချွတ်ပြီး) တင်သွင်းမှု စုစုပေါင်းသည် မက်ထရစ်တန်ချိန် (၂၁.၄၁) သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၁၅.၅၅) ဘီလီယံ ရှိခဲ့ပြီး တင်သွင်းခဲ့သော နိုင်ငံပေါင်း (၁၄၈) နိုင်ငံရှိခဲ့ပါသည်။ တင်သွင်းမှု အများဆုံးနိုင်ငံများမှာ တရုတ်၊ ဖိလစ်ပိုင်၊ ဆော်ဒီအာရေဗျ၊ အမေရိကန်နှင့် ဥရောပသမဂ္ဂနိုင်ငံများဖြစ်ပြီး အဆိုပါနိုင်ငံများ၏ တင်သွင်းမှုတန်ဖိုးသည် ကမ္ဘာ့ဆန်တင်သွင်းမှု၏ (၃၂.၀၃) ရာခိုင်နှုန်း ရှိခဲ့ပါသည်။ (ပုံ-၈)




ပုံ (၈) ၂၀၂၂ ခုနှစ်၏ ကမ္ဘာ့ဆန် တင်ပို့၊ တင်သွင်းမှု အခြေအနေ (WITS-World Bank)

၁၈။ ဆန်ကွဲကုန်သွယ်မှုအတွက် သတ်မှတ်ထားသော HS code မှာ ၁၀၀၆၄၀ ဖြစ်ပြီး ကုန်စည် အမည်ဖော်ပြချက်မှာ Cereals; rice, broken ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်အတွင်း ဆန်ကွဲတင်ပို့မှုသည် မက်ထရစ်တန်ချိန် (၇.၆၁) သန်း၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ (၂.၇၁) ဘီလီယံရှိခဲ့ပြီး တင်ပို့သောနိုင်ငံပေါင်း (၉၈) နိုင်ငံရှိခဲ့ပါသည်။ တင်ပို့မှုအများဆုံး နိုင်ငံများဖြစ်သော အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်၊ မြန်မာနှင့် ပါကစ္စတန်နိုင်ငံတို့၏ တင်ပို့မှုပမာဏသည် ကမ္ဘာ့ဆန်ကွဲ တင်ပို့မှု၏ (၈၄.၀၉) ရာခိုင်နှုန်း ရှိခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၏ ဆန်ကွဲတင်သွင်းမှု စုစုပေါင်းသည် မက်ထရစ်တန်ချိန် (၆.၅၂) သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၂.၈၂) ဘီလီယံရှိခဲ့ပြီး တင်သွင်းခဲ့သော နိုင်ငံပေါင်း (၁၃၈) နိုင်ငံရှိခဲ့ပါသည်။ တင်သွင်းမှု အများဆုံးနိုင်ငံများမှာ တရုတ်၊ ဆီနီဂေါ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် ဘယ်လ်ဂျီယံနိုင်ငံတို့ဖြစ်ပြီး အဆိုပါနိုင်ငံများ၏ တင်သွင်းမှုတန်ဖိုးသည် ကမ္ဘာ့ဆန်ကွဲတင်သွင်းမှု၏ (၆၃.၄၃) ရာခိုင်နှုန်း ရှိခဲ့ပါသည်။

၁၉။ ၂၀၂၀ ခုနှစ်အတွင်း အာဆီယံနိုင်ငံများအနက် ထိုင်းနိုင်ငံသည် ဆန်စပါးတင်ပို့မှု အများဆုံးဖြစ်ခဲ့ပြီး ကမ္ဘာ့ဈေးကွက်သို့ အမေရိကန်ဒေါ်လာ (၃.၇) ဘီလီယံကျော် တင်ပို့ခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံသည် ဆန်စပါးတင်ပို့မှု ဒုတိယအများဆုံးဖြစ်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၂.၈) ဘီလီယံ၊ မြန်မာနိုင်ငံသည် အမေရိကန်ဒေါ်လာ (၀.၈) ဘီလီယံ၊ ကမ္ဘောဒီးယားနိုင်ငံသည် အမေရိကန် ဒေါ်လာ (၀.၅) ဘီလီယံခန့် အသီးသီးတင်ပို့ခဲ့ကြပါသည်။ အဆိုပါနှစ်အတွင်း ဆန်စပါးတင်သွင်းမှု အများဆုံးနိုင်ငံများမှာ ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်တို့ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်ဒေါ်လာ (၉၂၁.၈) သန်း၊ မလေးရှားနိုင်ငံသည် အမေရိကန်ဒေါ်လာ (၅၈၆.၂) သန်း၊ စင်ကာပူနိုင်ငံသည် အမေရိကန်ဒေါ်လာ (၂၉၇.၇) သန်း၊ အင်ဒိုနီးရှား

နိုင်ငံသည် အမေရိကန်ဒေါ်လာ (၁၉၅.၄) သန်းနှင့် ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ (၁၂၇.၄) သန်း အသီးသီး တင်သွင်း ခဲ့ကြပါသည်။

၂၀။ ၂၀၂၁ ခုနှစ်အတွင်း ဆန်စပါးတင်ပို့မှု အများဆုံးနိုင်ငံများမှာ ထိုင်းနိုင်ငံသည် အမေရိကန်ဒေါ်လာ (၃.၄) ဘီလီယံ၊ ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ (၃) ဘီလီယံ၊ မြန်မာနိုင်ငံသည် အမေရိကန်ဒေါ်လာ (၀.၇) ဘီလီယံ၊ ကမ္ဘောဒီးယားနိုင်ငံသည် အမေရိကန်ဒေါ်လာ (၀.၄) ဘီလီယံနှင့် စင်ကာပူနိုင်ငံသည် အမေရိကန်ဒေါ်လာ (၆၆.၃) သန်း အသီးသီး တင်ပို့ခဲ့ပါသည်။ အဆိုပါနှစ်အတွင်း ဆန်စပါး တင်သွင်းမှု အများဆုံးနိုင်ငံများမှာ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်ဒေါ်လာ (၁.၃) ဘီလီယံ၊ ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ (၀.၇) ဘီလီယံ၊ မလေးရှားနိုင်ငံသည် အမေရိကန်ဒေါ်လာ (၀.၆) ဘီလီယံ၊ စင်ကာပူနိုင်ငံသည် အမေရိကန်ဒေါ်လာ (၀.၃) ဘီလီယံနှင့် အင်ဒိုနီးရှားနိုင်ငံသည် အမေရိကန်ဒေါ်လာ (၀.၂) ဘီလီယံခန့် အသီးသီး တင်သွင်းခဲ့ကြပါသည်။ (ဇယား-၂)


ဇယား (၂) အာဆီယံနိုင်ငံများ၏ ဆန်နှင့်ဆန်ကွဲ တင်ပို့၊ တင်သွင်းမှုအခြေအနေ
[ရေတွက်ပုံ-အမေရိကန်ဒေါ်လာ (သန်း)]

| နိုင်ငံ | ၂၀၂၀ ခုနှစ် | | ၂၀၂၁ ခုနှစ် | | ခြားနားချက် | |
|---|---|---|---|---|---|---|
| | တင်ပို့ တန်ဖိုး | တင်သွင်း တန်ဖိုး | တင်ပို့ တန်ဖိုး | တင်သွင်း တန်ဖိုး | တင်ပို့ တန်ဖိုး | တင်သွင်း တန်ဖိုး |
| ဘရူနိုင်း | ၀.၀ | ၄၁.၃ | ၀.၁ | ၂၈.၀ | ၀.၁ | -၁၃.၃ |
| ကမ္ဘောဒီးယား | ၄၇၁.၃ | ၇.၂ | ၄၂၂.၅ | ၄.၇ | -၄၈.၈ | -၂.၅ |
| အင်ဒိုနီးရှား | ၁.၀ | ၁၉၅.၄ | ၂.၆ | ၁၈၃.၈ | ၁.၆ | -၁၁.၆ |
| လာအို | ၅၂.၇ | ၃၇.၀ | ၃၅.၂ | ၂၄.၂ | -၁၇.၅ | -၁၂.၈ |
| မလေးရှား | ၂၃.၂ | ၅၈၆.၂ | ၃၉.၀ | ၅၇၅.၁ | ၁၅.၈ | -၁၁.၁ |
| မြန်မာ | ၇၇၃.၂ | ၁.၉ | ၆၇၀.၇ | ၀.၅ | -၁၀၂.၅ | -၁.၄ |
| ဖိလစ်ပိုင် | ၀.၆ | ၉၂၁.၈ | ၀.၆ | ၁၂၉၈.၆ | ၀.၀ | ၃၇၆.၈ |
| စင်ကာပူ | ၄၆.၄ | ၂၉၇.၇ | ၆၆.၃ | ၂၅၅.၃ | ၁၉.၉ | -၄၂.၄ |
| ထိုင်း | ၃၇၁၀.၀ | ၁၈.၄ | ၃၃၇၆.၀ | ၁၂.၀ | -၃၃၄.၀ | -၆.၄ |
| ဗီယက်နမ် | ၂၇၉၁.၀ | ၁၂၇.၄ | ၃၀၀၆.၃ | ၇၁၈.၈ | ၂၁၅.၃ | ၅၉၁.၄ |

*အရင်းအမြစ်။ ASEAN statistical yearbook 2022, ASEAN secretariat*

၂၁။ ထို့ကြောင့် အာဆီယံဒေသတွင်းနိုင်ငံများအတွင်း ထိုင်း၊ ဗီယက်နမ်၊ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ဆန်နှင့်ဆန်ကွဲ အဓိက တင်ပို့သောနိုင်ငံများဖြစ်ပြီး ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ဆန်နှင့်ဆန်ကွဲ အဓိက တင်သွင်းအသုံးပြုနေရသောနိုင်ငံများ ဖြစ်ကြပါသည်။ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သော ဗီယက်နမ်နိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် ကမ္ဘာ့ဈေးကွက်သို့ ဆန်နှင့်ဆန်ကွဲ အမေရိကန်ဒေါ်လာ (၃) ဘီလီယံကျော်ဖိုး တင်ပို့ခဲ့သော်လည်း အဆိုပါနှစ်တွင် ဆန်နှင့်ဆန်ကွဲကို အမေရိကန်ဒေါ်လာ (၇၁၈.၈) သန်းအထိ တင်သွင်းခဲ့ရပါသည်။ ဗီယက်နမ်နိုင်ငံသည် အိန္ဒိယနိုင်ငံမှ ဆန်ကွဲပမာဏမြောက်များစွာ တင်သွင်းခဲ့ရပြီး အဆိုပါဆန်ကွဲများသည် အရည်အသွေးနိမ့်ဆန်ကွဲများဖြစ်သဖြင့် တိရစ္ဆာန် အစာအတွက် အသုံးပြုရန် တင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။


၂၂။ ၂၀၁၅ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာ့ဈေးကွက်သို့ ဆန်နှင့်ဆန်ကွဲ တင်ပို့ရောင်းချမှု အများဆုံးနှစ်မှာ ၂၀၁၈ ခုနှစ်ဖြစ်ပြီး အမေရိကန်ဒေါ်လာ (၉.၄) ဘီလီယံခန့် တင်ပို့နိုင်ခဲ့ပါသည်။ တင်ပို့မှု အနည်းဆုံးနှစ်မှာ ၂၀၁၆ ခုနှစ်ဖြစ်ပြီး အမေရိကန်ဒေါ်လာ (၇.၁) ဘီလီယံခန့် တင်ပို့ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်များတွင် ဆန်နှင့်ဆန်ကွဲ တင်ပို့မှုသည် အမြင့်ဆုံးဖြစ်ခဲ့ပြီး ၂၀၁၉ ခုနှစ်မှစတင်ကာ တင်ပို့မှု ပြန်လည်ကျဆင်းခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၇.၆) ဘီလီယံသာ တင်ပို့နိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ်ထက် (၁.၇) ဘီလီယံခန့် ကျဆင်းခဲ့ပါသည်။ ဆန်နှင့်ဆန်ကွဲတင်သွင်းမှုအနေဖြင့် ၂၀၂၁ ခုနှစ်သည် တင်သွင်းမှု အများဆုံးဖြစ်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၃.၁) ဘီလီယံကျော် တင်သွင်းခဲ့ပါသည်။ ထို့အပြင် ၂၀၁၇ ခုနှစ်သည် တင်သွင်းမှု အနည်းဆုံးဖြစ်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၁.၂) ဘီလီယံခန့် တင်သွင်းခဲ့ရပါသည်။ ဆန်နှင့်ဆန်ကွဲ တင်သွင်း




ပုံ (၉) အာဆီယံနိုင်ငံများ၏ ဆန်နှင့်ဆန်ကွဲ နှစ်အလိုက် တင်ပို့၊ တင်သွင်းမှု အခြေအနေ *(ASEAN statistical yearbook 2022, ASEAN secretariat*

မှုသည် ၂၀၁၇ ခုနှစ်တွင် အနိမ့်ဆုံး ဖြစ်ခဲ့သော်လည်း ၂၀၁၈ ခုနှစ်မှ စတင်ကာ တင်သွင်းမှု မြင့်တက်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် တင်သွင်းမှု အမြင့်ဆုံး ဖြစ်ခဲ့ပါသည်။ သို့သော်လည်း အာဆီယံနိုင်ငံများ၏ ဆန်နှင့်ဆန်ကွဲကုန်သွယ်မှုတွင် ဝယ်ယူတင်သွင်းရခြင်းထက် တင်ပို့ရောင်းချခြင်းက ပိုမိုများပြားနေသောကြောင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် တစ်စိတ်တစ်ပိုင်းမှ ထောက်ပံ့ပေးလျက်ရှိကြောင်း တွေ့ရှိရပါသည်။ (ပုံ-၉)

၂၃။ မေလအတွင်း ဆန်ဈေးနှုန်းများမှာ အတက်အကျ ဖြစ်နေပြီး ထိုင်းဆန်အနေဖြင့် ၂၀၂၃ ခုနှစ် မေလ ၂၂ ရက်နေ့ မတိုင်ခင်အထိ ဈေးနှုန်းများ တည်ငြိမ်ခဲ့ရာမှ မေလ (၂၂) ရက်နေ့တွင် ဈေးနှုန်းအမြင့်ဆုံးအဖြစ် ဆန်တစ်တန်လျှင် (၅၀၂) အမေရိကန်ဒေါ်လာအထိ ရရှိခဲ့ပြီးနောက် မေလ ၂၃ ရက်နေ့မှစတင်၍ ဆက်တိုက်ကျဆင်းနေကြောင်း တွေ့ရှိရပါသည်။ ဆန်အမျိုးအစား (၃) မျိုးအနက် ထိုင်းဆန်သည် ဈေးအမြင့်ဆုံးရရှိနေပြီး ဗီယက်နမ်ဆန်သည် ဒုတိယအမြင့်ဆုံးဖြစ်ကာ ဈေးနှုန်းရရှိမှုတွင် ထိုင်းဆန်နှင့် ကွာဟမှုအနည်းငယ်သာရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါဆန် (၃) မျိုးအနက် အိန္ဒိယဆန်သည် ဈေးနှုန်းရရှိမှု အနည်းဆုံးဖြစ်ပြီး မေလ ၃၀ ရက်နေ့ ဈေးရရှိမှုအနေဖြင့် တစ်တန်လျှင် (၄၂၄) အမေရိကန်ဒေါ်လာသာ ရရှိခဲ့ပါသည်။ (ပုံ-၁၀)




ပုံ (၁၀) ၂၀၂၃ ခုနှစ် မေလအတွင်း ဆန်အမျိုးအစားအလိုက် တစ်တန် ဈေးနှုန်းများ *(IGC)*

## (ဃ) မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ

၂၄။ မြန်မာနိုင်ငံသည် ဆန်စပါးကို အဓိက စိုက်ပျိုးထုတ်လုပ်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံရှိ ဒေသအများစုတွင် ဆန်စပါးကို တွင်တွင်ကျယ်ကျယ် စိုက်ပျိုးလေ့ရှိကြပါသည်။ စပါးကို နွေစပါး၊ မိုးစပါးဟူ၍ ရာသီနှစ်ရာသီဖြင့် စိုက်ပျိုးကြပြီး မိုးစပါး စိုက်ပျိုးမှုမှာ ပိုမိုများပြားပါသည်။ မိုးစပါးသည် သဘာဝအတိုင်း မိုးရေကိုသာ အားထား၍ စိုက်ပျိုးရသည့်အတွက် နွေစပါးနှင့် နှိုင်းယှဉ်ပါက အထွက်နှုန်း ပိုမိုနည်းပါးပြီး နွေစပါးမှာမူ အပင်လိုအပ်သည့်အချိန်တွင် ဆည်ရေ သို့မဟုတ် သွင်းရေတစ်မျိုးမျိုးသွင်းကာ စိုက်ပျိုးရခြင်းကြောင့် မိုးစပါးနှင့်နှိုင်းယှဉ်ပါက အထွက်နှုန်း ပိုမိုမြင့်မားပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများအရ နှစ်စဉ် မိုးစပါးစိုက်ဧရိယာနှင့် ရိတ်သိမ်းဧရိယာသည် နွေစပါး စိုက်ဧရိယာနှင့် ရိတ်သိမ်းဧရိယာထက် ပိုမိုများပြားနေသော်လည်း မိုးစပါးထက် နွေစပါးမှာ အထွက်နှုန်း ပိုမိုမြင့်မားကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် မိုးစပါးကို မေလမှ အောက်တိုဘာလအတွင်း စိုက်ပျိုးကြပြီး နွေစပါးကိုမူ နိုဝင်ဘာလမှ ဧပြီလအတွင်း စိုက်ပျိုးလေ့ရှိကြပါသည်။ နွေစပါးသည် မိုးလေကင်းသောကာလများအတွင်း၌သာ စိုက်ပျိုးရခြင်းကြောင့် သွင်းရေတစ်မျိုးမျိုး ရရှိမှသာ စိုက်ပျိုးဖြစ်ထွန်း၍ အမြင့်ဆုံး အထွက်နှုန်းကို ရရှိနိုင်မည် ဖြစ်ပါသည်။ များသောအားဖြင့် နွေစပါးသည် စပါးပင် ကြိုက်နှစ်သက်သော အခြေအနေကို ဖန်တီးပေးရခြင်းကြောင့် မိုးစပါးနှင့် နှိုင်းယှဉ်ပါက အထွက်နှုန်း ပိုမိုကောင်းမွန်သလို သဘာဝပတ်ဝန်းကျင်ကြောင့် ထိခိုက်ပျက်စီးမှုလည်း ပိုမိုနည်းပါးပါသည်။ မိုးစပါးသည် မိုးရေကို အဓိက အားထား၍ စိုက်ပျိုးရသဖြင့် ဒေသအနှံ့အပြားတွင်


ဇယား (၃) မြန်မာနိုင်ငံ၏ နှစ်အလိုက် ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ

| ဘဏ္ဍာနှစ် | ရာသီ | စိုက်ဧရိယာ (ဧက) သန်း | ရိတ်သိမ်းဧရိယာ (ဧက) သန်း | အထွက်နှုန်း | အထွက် (တင်း) သန်း |
|---|---|---|---|---|---|
| ၂၀၁၇-၂၀၁၈ | နွေ | ၂.၇၁ | ၂.၇၁ | ၁၁၂.၄၁ | ၃၀၄.၃၅ |
| | မိုး | ၁၅.၂၂ | ၁၅.၀၁ | ၇၂.၈၁ | ၁,၀၉၂.၅၈ |
| ၂၀၁၈-၂၀၁၉ | နွေ | ၂.၄၃ | ၁.၀၄ | ၉၄.၀၀ | ၉၇.၃၄ |
| | မိုး | ၁၅.၀၈ | ၁၄.၈၉ | ၇၂.၇၁ | ၁,၀၈၂.၅၉ |
| ၂၀၁၉-၂၀၂၀ | နွေ | ၂.၃၃ | ၂.၃၃ | ၉၃.၆၁ | ၂၁၇.၉၁ |
| | မိုး | ၁၄.၉၈ | ၁၄.၇၇ | ၇၁.၈၄ | ၁,၀၆၁.၃၂ |
| ၂၀၂၀-၂၀၂၁ | နွေ | ၂.၂၈ | ၂.၂၈ | ၉၃.၇၃ | ၂၁၃.၃၄ |
| | မိုး | ၁၄.၉၃ | ၁၄.၆၀ | ၇၂.၀၄ | ၁,၀၅၁.၉၀ |
| ၂၀၂၁-၂၀၂၂ | နွေ | ၂.၄၂ | ၂.၄၂ | ၉၃.၆၃ | ၂၂၆.၅၂ |
| | မိုး | ၁၅.၀၁ | ၁၄.၉၈ | ၇၂.၆၄ | ၁,၀၈၈.၅၀ |

*အရင်းအမြစ်။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန*


စိုက်ပျိုးနိုင်သော်လည်း မရိတ်သိမ်းမီကာလများအတွင်း မိုးများခြင်း၊ ရေကြီးခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရပါက ရိတ်သိမ်းနိုင်ခြင်းမရှိတော့ဘဲ ထိခိုက်ပျက်စီးခြင်းများ ကြုံတွေ့နိုင်ပါသည်။ ထို့ကြောင့် တောင်သူအများစုသည် အထွက်နှုန်းသေချာသော နွေစပါးကို ပိုမိုစိုက်ပျိုးလိုကြသော်လည်း စိုက်ပျိုးရေ လုံလောက်စွာ ရရှိနိုင်ရန် ကန့်သတ်ချက်များရှိခြင်းကြောင့် မိုးစပါးကိုသာ အဓိကထား စိုက်ပျိုးနေရခြင်း ဖြစ်ပါသည်။ (ဇယား-၃)

၂၅။ ၂၀၂၁-၂၀၂၂ ခုနှစ်၌ မြန်မာနိုင်ငံတွင် မိုးစပါး စိုက်ဧက (၁၅.၀၁) သန်း၊ နွေစပါး စိုက်ဧက (၂.၄၂) သန်း စုစုပေါင်း စိုက်ဧက (၁၇.၄၃) သန်းရှိခဲ့ပြီး မိုးစပါးရိတ်သိမ်းဧက (၁၄.၉၈) သန်း၊ နွေစပါး ရိတ်သိမ်းဧက (၂.၄၂) သန်း၊ စုစုပေါင်း ရိတ်သိမ်းဧက (၁၇.၄) သန်း အသီးသီးရှိခဲ့ပါသည်။ နွေစပါးမှ စပါးတင်း စုစုပေါင်း (၂၂၆.၅၂) သန်းထွက်ရှိခဲ့ပြီး မိုးစပါးမှ စပါးတင်း (၁,၀၈၈.၅) သန်းထွက်ရှိကာ နှစ်ရာသီစာအတွက် စပါးတင်းစုစုပေါင်း (၁,၃၁၅.၀၂) သန်း ထွက်ရှိခဲ့ပါသည်။ အဆိုပါနှစ်အတွင်း နွေစပါးသည် တစ်ဧကလျှင် ပျမ်းမျှအားဖြင့် (၉၃.၆၃) တင်းနှုန်း ထွက်ရှိခဲ့ပြီး မိုးစပါးသည် တစ်ဧကလျှင် (၇၂.၆၄) တင်းနှုန်း ထွက်ရှိခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုများအနက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်သည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု အများဆုံး နှစ်တစ်နှစ်ဖြစ်ခဲ့ပြီး ရိတ်သိမ်းဧရိယာစုစုပေါင်း (၁၇.၇၂) မှ စပါးတင်း (၁၃၉၆.၉၃) သန်း ထွက်ရှိခဲ့ပါသည်။ (ပုံ-၁၁)




ပုံ (၁၁) နှစ်အလိုက် မြန်မာနိုင်ငံ၏ စပါးစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ *(လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန)*

၂၆။ မြန်မာနိုင်ငံ၏ စပါးစိုက်ပျိုးမှု အများဆုံးဒေသများမှာ ဧရာဝတီ၊ ပဲခူး၊ စစ်ကိုင်း၊ ရန်ကုန်နှင့် ရခိုင်တို့ဖြစ်ပြီး ၂၀၂၁ ခုနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီးတွင် ဆန်စပါးရိတ်သိမ်းဧက (၅.၁) သန်းမှ စပါးတင်း (၃၉၇.၈) သန်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဆန်စပါး ရိတ်သိမ်းဧက (၃) သန်းမှ စပါးတင်း (၂၃၈.၃) သန်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆန်စပါးရိတ်သိမ်းဧက (၂) သန်းမှ စပါးတင်း (၁၆၆.၄) သန်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဆန်စပါးရိတ်သိမ်းဧက (၁.၄) သန်းမှ စပါးတင်း (၉၆.၁) သန်း၊ ရခိုင်ပြည်နယ်တွင် ဆန်စပါးရိတ်သိမ်းဧက (၁) သန်းမှ စပါးတင်း (၆၂.၃) သန်းအသီးသီး စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါသည်။ စပါးစိုက်ပျိုးထုတ်လုပ်မှုသည် မိုးရေကောင်းစွာရရှိသော မြန်မာပြည်အောက်ပိုင်းဒေသများတွင် အများဆုံးစိုက်ပျိုးဖြစ်ထွန်းကြောင်းတွေ့ရှိရပြီး မြန်မာပြည်အလယ်ပိုင်းဒေသများဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးဖြစ်ထွန်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။ (ပုံ-၁၂)




ပုံ (၁၂) ၂၀၂၁ ခုနှစ်၏ ဒေသအလိုက် ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ *(လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန)*

၂၇။ ၂၀၂၃ ခုနှစ်အတွင်း ပုသိမ်နယ်တစ်ဝိုက်ရှိ မိုးစပါးစိုက် တောင်သူတစ်ဦး၏ တစ်ဧကအတွက် ပျမ်းမျှကုန်ကျစရိတ်သည် (၄၉၅,၀၀၀) ကျပ်ဖြစ်ပြီး ပျမ်းမျှအထွက်နှုန်းသည် တစ်ဧကလျှင် (၇၅) တင်းရရှိပြီး တစ်တင်းလျှင် (၁၄,၄၅၀) ကျပ်နှုန်း ဈေးရရှိသည့်အတွက် တောင်သူတစ်ဦး၏ဝင်ငွေသည် တစ်ဧကလျှင် (၁,၀၈၃,၇၅၀) ကျပ်ရှိပြီး အသားတင်အမြတ်အဖြစ် တစ်ဧကလျှင် (၅၈၈,၇၅၀) ကျပ်ရရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် တောင်သူတစ်ဦးသည် တစ်ဧကလျှင် ပျမ်းမျှအားဖြင့် (၃၄) တင်း ထွက်ရှိပြီး တစ်တင်းလျှင် (၁၄,၄၅၀) ကျပ်နှုန်းရရှိပါက အရင်းကြေနိုင်မည်ဖြစ်သလို တစ်ဧကလျှင် (၇၅) တင်းထွက်ရှိပြီး တစ်တင်းလျှင် (၆,၆၀၀) ကျပ်နှုန်းရရှိပါက အရင်းကြေနိုင်မည်ဖြစ်ပါသည်။ ထို့အတူ ပဲခူးဒေသတစ်ဝိုက်ရှိ တောင်သူတစ်ဦးသည် တစ်ဧကလျှင်

(၃၂) တင်းထွက်ရှိပြီး တစ်တင်းလျှင် (၁၃,၈၀၀) ကျပ်ရရှိပါက အရင်းကြေနိုင်မည်ဖြစ်သလို တစ်ကေလျှင် (၆၈) တင်းထွက်ရှိပြီး တစ်တင်းလျှင် (၆,၄၈၅) ကျပ်ရရှိပါက အရင်းကြေနိုင်မည် ဖြစ်ပါသည်။ ထို့နည်းတူ ပြည်ဒေသတစ်ဝိုက်ရှိ တောင်သူတစ်ဦးသည် တစ်ကေလျှင် (၃၃) တင်းထွက်ရှိပြီး တစ်တင်းလျှင် (၁၃,၃၀၀) ကျပ်ရရှိပါက အရင်းကြေနိုင်မည်ဖြစ်သလို တစ်ကေလျှင် (၆၈) တင်းထွက်ရှိပြီး တစ်တင်းလျှင် (၆,၅၂၁) ကျပ်နှုန်းရရှိပါက အရင်းကြေနိုင်မည် ဖြစ်ပါသည်။ ရန်ကုန်ဒေသတစ်ဝိုက်ရှိ တောင်သူတစ်ဦးသည် တစ်ကေလျှင် (၃၁) တင်းထွက်ရှိပြီး တစ်တင်းလျှင် (၁၂,၄၀၀) ကျပ်နှုန်းရရှိပါက အရင်းကြေနိုင်မည်ဖြစ်သလို တစ်ကေလျှင် (၇၀) တင်းထွက်ရှိပြီး တစ်တင်းလျှင် (၅,၅၃၆) ကျပ်နှုန်းရရှိပါက အရင်းကြေနိုင်မည်ဖြစ်ပါသည်။ ဒေသအလိုက် တောင်သူတစ်ဦးချင်းရရှိမည့် အမြတ်ငွေများကို နှိုင်းယှဉ်ကြည့်ပါက ပုသိမ်ဒေသရှိ တောင်သူများသည် ကေအလိုက် အမြတ်ငွေ ရရှိမှု အမြင့်ဆုံးဖြစ်ပြီး အမြတ်ငွေရရှိမှု အနည်းဆုံးမှာ ပြည်ဒေသရှိ တောင်သူများဖြစ်ပါသည်။ ကေအလိုက် ကုန်ကျစရိတ် အမြင့်ဆုံးမှာ ပုသိမ်ဖြစ်ပြီး ကုန်ကျစရိတ်အနည်းဆုံးမှာ ရန်ကုန်ဖြစ်ပါသည်။ ထို့ကြောင့် ပုသိမ်ဒေသရှိ တောင်သူများသည် တစ်ကေကုန်ကျစရိတ် မြင့်မားနေသော်လည်း အထွက်နှုန်းကောင်းပြီး တစ်တင်းဈေးနှုန်းများ မြင့်မားခြင်းကြောင့် ဝင်ငွေပြန်လည် ရရှိမှုတွင် အမြင့်ဆုံးဖြစ်နေခြင်း ဖြစ်ပါသည်။ (ဇယား-၄)

**ဇယား (၄) ၂၀၂၃ ခုနှစ်အတွင်း ဒေသအလိုက် စပါးစိုက်တောင်သူများ၏ အရင်းကြေဈေးနှုန်းနှင့် အထွက်နှုန်းများ**

| အမျိုးအစား | ကုန်ကျစရိတ် (ကျပ်/ကေ) | အထွက်နှုန်း (တင်း/ကေ) | တောင်သူရဈေး (ကျပ်/တင်း) | ဝင်ငွေ (ကျပ်/ကေ) | အမြတ်ငွေ (ကျပ်/ကေ) | အရင်းကြေဈေးနှုန်း (ကျပ်/တင်း) | အရင်းကြေအထွက်နှုန်း (တင်း/ကေ) |
|---|---|---|---|---|---|---|---|
| ပုသိမ် (မိုးစပါး) | ၄၉၅,၀၀၀ | ၇၅ | ၁၄,၄၅၀ | ၁,၀၈၃,၇၅၀ | ၅၈၈,၇၅၀ | ၆,၆၀၀ | ၃၄ |
| ပဲခူး (မိုးစပါး) | ၄၄၁,၀၀၀ | ၆၈ | ၁၃,၈၀၀ | ၉၃၈,၄၀၀ | ၄၉၇,၄၀၀ | ၆,၄၈၅ | ၃၂ |
| ပြည် (မိုးစပါး) | ၄၄၃,၄၀၀ | ၆၈ | ၁၃,၃၀၀ | ၉၀၄,၄၀၀ | ၄၆၁,၀၀၀ | ၆,၅၂၁ | ၃၃ |
| ရန်ကုန် (မိုးစပါး) | ၃၈၇,၅၀၀ | ၇၀ | ၁၂,၄၀၀ | ၈၆၈,၀၀၀ | ၄၈၀,၅၀၀ | ၅,၅၃၆ | ၃၁ |

*အရင်းအမြစ်။ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့*

## (င) မြန်မာနိုင်ငံ၏ ပြည်တွင်းဆန်စပါးသုံးစွဲမှုနှင့် ဖူလုံမှုအခြေအနေ

၂၈။ မြန်မာနိုင်ငံသည် ထမင်းကို အဓိကအစားအစာအဖြစ် စားသုံးသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် လူတစ်ဦးချင်း၏ ပျမ်းမျှဆန်စားသုံးမှုနှုန်းသည် မြင့်မားပါသည်။ လူတစ်ဦးတစ်နှစ်ဆန်စားသုံးမှုနှုန်း (၁၁၄.၈၇) ကီလိုဂရမ်နှင့် တွက်ချက်ကြည့်ပါက မြန်မာနိုင်ငံ၏ တစ်နှစ်ဆန်စားသုံးမှုပမာဏသည် မက်ထရစ်တန်ချိန် (၃.၆) သန်းရှိပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလကုန် အထိ ဆန်ဖူလုံမှု အခြေအနေများကို လေ့လာကြည့်ရာတွင် မိုးစပါး၏ ရာသီကုန် စိုက်ပျိုးထွက်ရှိမှုသည် မက်ထရစ်တန်ချိန် (၂၂.၄) သန်းရှိပြီး ဧပြီလကုန်အထိ နွေစပါး စိုက်ပျိုးထွက်ရှိမှုမှာ မက်ထရစ်တန်ချိန် (၃.၃) သန်းရှိသဖြင့် ဧပြီလကုန်အထိ စုစုပေါင်းစပါး အထွက်မှာ (၂၅.၇) သန်းရှိပါသည်။ ၂၀၂၃ ခုနှစ်၊ ဧပြီလအထိ စိုက်ပျိုးထားရှိသော စပါးစိုက်ဧရိယာ (၁၇,၅၃၁,၅၅၅) ဧကအတွက် မျိုးစပါးအဖြစ် ချန်လှပ်ရမည့် စပါးပမာဏမှာ မက်ထရစ်တန်ချိန် (၅.၄) သိန်းရှိပြီး ရိတ်သိမ်းစဉ်ထွက်ရှိမည့် အလေအလွင့်စပါး ပမာဏမှာ မက်ထရစ်တန်ချိန် (၁.၀) သန်း ရှိပါသည်။ ထို့ကြောင့် ၎င်းတို့ကို ဖယ်လိုက်ပါက ကျန်ရှိမည့် စပါးတန်ချိန်မှာ (၂၄.၂) သန်းဖြစ်ပြီး ၎င်းကို ကြိတ်ခွဲသန့်စင်ပါက ရရှိမည့် ဆန်မှာ မက်ထရစ်တန်ချိန် (၉.၂) သန်းဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်သန်းခေါင် စာရင်းလူဦးရေအရ တွက်ချက်ထားသော ပြည်တွင်းဆန်စားသုံးမှုမှာ မက်ထရစ်တန်ချိန် (၃.၆) သန်းဖြစ်သည့်အတွက် ပြည်တွင်းပိုလျှံမှုမှာ မက်ထရစ်တန်ချိန် (၅.၁) သန်း ဖြစ်ပါသည်။ ၂၀၂၂ ဧပြီလမှ ၂၀၂၃ မတ်လ အထိ ပြည်ပသို့ ဆန်တင်ပို့မှု မက်ထရစ်တန်ချိန် (၁.၃) သန်းသာ ရှိသည့်အတွက် ပြည်တွင်း၌ ဆန် အသားတင်ကျန်ရှိမှုမှာ (၄.၂) သန်းခန့် ရှိနိုင်

**ဇယား (၅) ၂၀၂၃ ခုနှစ် ဧပြီလအထိ မြန်မာနိုင်ငံ၏ ဆန်ဖူလုံမှုနှင့် ဆန်လက်ကျန်ကျန်ရှိမှု အခြေအနေ**

| အမျိုးအစား | နွေစပါး | မိုးစပါး | စုစုပေါင်း |
|---|---|---|---|
| စပါးစုစုပေါင်း အထွက် | ၃,၃၃၁,၇၁၆.၁၂ | ၂၂,၄၀၀,၅၇၅.၄၁ | ၂၅,၇၃၂,၂၉၁.၅၃ |
| မျိုးစပါး | ၈၀,၁၁၈.၀၁ | ၄၅၉,၉၁၂.၆၄ | ၅၄၀,၀၃၀.၆၅ |
| ရိတ်သိမ်းစဉ် အလေအလွင့် | ၁၀၂,၈၂၄.၃၀ | ၉၁၉,၁၂၇.၇၇ | ၁,၀၂၁,၉၅၂.၀၇ |
| မျိုး+အလေအလွင့်စပါး | ၁၈၂,၉၄၂.၃၁ | ၁,၃၇၉,၀၄၀.၄၁ | ၁,၅၆၁,၉၈၂.၇၂ |
| ကျန်ရှိမည့် စပါး | ၃,၁၄၈,၇၇၃.၈၁ | ၂၁,၀၂၁,၅၃၅.၀၀ | ၂၄,၁၇၀,၃၀၈.၈၁ |
| ကြိတ်ခွဲပါက ရရှိမည့်ဆန် | ၁,၁၉၆,၅၃၄.၀၅ | ၇,၉၈၈,၁၈၃.၃၀ | ၉,၁၈၄,၇၁၇.၃၅ |
| ပြည်တွင်းဆန်စားသုံးမှု | | | ၃,၅၆၉,၁၀၄.၄၇ |
| ပိုလျှံမှု | | | ၅,၆၁၅,၆၁၂.၈၈ |
| ပြည်ပသို့တင်ပို့မှု (၂၀၂၂-၂၀၂၃ ဧပြီ မှ မတ်) | | | ၁,၃၂၇,၉၇၅.၈၃ |
| ဆန်အသားတင်ကျန်ရှိမှု | | | ၄,၂၈၇,၆၃၇.၀၅ |

*အရင်းအမြစ်။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန*

ကြောင်း ခန့်မှန်းတွက်ချက်မှုအရ သိရှိရပါသည်။ (မှတ်ချက်။ ပြည်ပဆန်တင်ပို့မှုတွင် ယခင်နှစ်ဆန်လက်ကျန်များမှ တင်ပို့ရောင်းချခြင်းများ ပါဝင်နိုင်သော်လည်း ကိန်းဂဏန်းအချက်အလက် အတိအကျရရှိခြင်း မရှိသည့်အတွက် ၎င်းကို ထည့်သွင်းတွက်ချက်ထားခြင်းမရှိပါ။ ထို့အပြင် ပြည်တွင်းစားသုံးမှုတွင် လူတစ်ဦးချင်း တစ်နှစ်လျှင် ပျမ်းမျှဆန်စားသုံးမှုနှုန်း (၁၁၄.၈၇) ကီလိုဂရမ်ဖြင့် ခြုံငုံတွက်ချက်ထားခြင်းဖြစ်သောကြောင့် လက်တွေ့နှင့် အနည်းငယ်ကွာခြားချက် ရှိနိုင်ပါသည်။ ထို့မှုမက အခြားသုံးစွဲမှု ကိန်းဂဏန်းများမှာလည်း အတိအကျမရရှိခြင်းကြောင့် ထည့်သွင်းတွက်ချက်ထားခြင်းမရှိသည့်အတွက် ဆန်အသားတင်ကျန်ရှိမှုပမာဏတွင် အနည်းငယ် ကွာခြားမှုရှိနိုင်ပါသည်။) (ဇယား-၅)

## (စ) မြန်မာနိုင်ငံ၏ ဆန်နှင့်ဆန်ကွဲ ကုန်သွယ်မှုနှင့် ပြည်တွင်းဆန်ဈေးနှုန်းများ

၂၉။ ဆန်နှင့်ဆန်ကွဲတင်ပို့မှုသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် မက်ထရစ်တန်ချိန် (၂.၁၃၂) သန်း၊ အမေရိကန်ဒေါ်လာ (၇၁၅.၉၆) သန်းရှိခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မက်ထရစ်တန်ချိန် (၂.၁၉၇) သန်း၊ အမေရိကန်ဒေါ်လာ (၈၂၁.၃၀) သန်း ရရှိခဲ့ပါသည်။ ထို့ကြောင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်သည် ယခင်နှစ်ထက် ဆန်နှင့်ဆန်ကွဲ (၆၅,၂၇၈) မက်ထရစ်တန်၊ အမေရိကန်ဒေါ်လာ (၁၀၅.၃၄) သန်း ပိုမိုတင်ပို့ခဲ့ပြီး ထိုသို့ ဆန်တင်ပို့မှုမြင့်တက်ရခြင်းမှာ ၂၀၂၁ ခုနှစ်နောက်ပိုင်းမှစတင်၍ ကမ္ဘာ့ဆန်ဈေးနှုန်းများ ဆက်တိုက်မြင့်တက်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ ထို့အပြင် ကမ္ဘာ့ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု အများဆုံးနိုင်ငံများဖြစ်သော တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရန်အတွက် ရာသီဥတုအခြေအနေမပေးသဖြင့် စိုက်ပျိုးထုတ်လုပ်မှု လျော့ကျနိုင်ခြင်းကြောင့် ဆန်လိုအပ်ချက် ပိုမိုများပြားလာခြင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့တွင်လည်း ပြည်တွင်း၌ ဂျုံအခြေခံသော ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်လာသဖြင့် ဆန်ကို ပြောင်းလဲသုံးစွဲလာကြသည့်အတွက် ဆန်ဝယ်လိုအား မြင့်တက်နေခြင်းစသည်တို့ကြောင့် ဆန်တင်ပို့မှု ပိုမိုမြင့်တက်လာကြခြင်း ဖြစ်ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ အဓိက ဆန်တင်ပို့ခဲ့သည့်နိုင်ငံများမှာ တရုတ်၊ ဖိလစ်ပိုင်၊ စပိန်၊ အီတလီ၊ ဘယ်လ်ဂျီယံ၊ ပိုလန်၊ တိုဂို၊ မက်ဒါဂါစကာ၊ အန်ဂိုလာ၊ မိုဇင်ဘစ် နိုင်ငံတို့ဖြစ်ပြီး အိမ်နီးချင်းတရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ ဆန်တန်ချိန် တစ်သိန်းကျော်ထိ တင်သွင်းခဲ့ရပါသည်။ ထိုကဲ့သို့ ပြည်ပဈေးကွက်အခိုင်အမာ ရှိနေသောကြောင့် ပြည်တွင်းဆန်ကုန်သည်များသည် ကမ္ဘာ့ဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချလိုကြပါသည်။


၃၀။ ဆန်တစ်မျိုးတည်း တင်ပို့မှုအနေဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ထက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် (၂၃,၄၆၉) မက်ထရစ်တန်၊ အမေရိကန်ဒေါ်လာ (၅၈.၁၇) သန်း ပိုမိုတင်ပို့ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ မဖြစ်ပွားမီကာလများနှင့်နှိုင်းယှဉ်ပါက အဆိုပါပမာဏမှာ သိသိသာသာ နည်းပါးနေသေးကြောင်း တွေ့ရှိရပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆန်မက်ထရစ်တန်ချိန် (၁.၉၃) သန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မက်ထရစ်တန်ချိန် (၁.၉၁) သန်း အသီးသီး တင်ပို့ခဲ့သည့်အတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆန်တင်ပို့မှုပမာဏသည် အဆိုပါနှစ်များနှင့်နှိုင်းယှဉ်ပါက မက်ထရစ်တန်ချိန် (၆) သိန်းခန့် နည်းပါးနေသေးကြောင်း တွေ့ရှိရပါသည်။ (ဇယား-၆)

ဇယား (၆) မြန်မာနိုင်ငံ၏ ဘဏ္ဍာနှစ် (ပြေီမှမတ်) အလိုက် ဆန်နှင့်ဆန်ကွဲ တင်ပို့မှု အခြေအနေ (ရေတွက်ပုံ-ဒေါ်လာသန်း)

| ဘဏ္ဍာနှစ် | ဆန် | | ဆန်ကွဲ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | မတန်ချိန် | တန်ဖိုး | မတန်ချိန် | တန်ဖိုး | မတန်ချိန် | တန်ဖိုး |
| ၂၀၁၇-၂၀၁၈ | ၂,၉၅၁,၈၀၈ | ၉၇၇.၂၅ | ၆၃၈,၉၁၈ | ၁၆၅.၁၅ | ၃,၅၉၀,၇၂၆ | ၁၁၄၂.၄၀ |
| ၂၀၁၈-၂၀၁၉ | ၁,၉၂၉,၈၄၂ | ၆၄၈.၇၂ | ၄၅၁,၉၁၄ | ၁၃၀.၂၈ | ၂,၃၈၁,၇၅၆ | ၇၇၉.၀၀ |
| ၂၀၁၉-၂၀၂၀ | ၁,၉၀၈,၁၆၄ | ၅၈၁.၄၀ | ၈၅၆,၅၈၁ | ၂၂၁.၈၆ | ၂,၇၆၄,၇၄၅ | ၈၀၃.၂၆ |
| ၂၀၂၀-၂၀၂၁ | ၁,၁၆၁,၅၂၉ | ၄၅၆.၈၀ | ၈၈၇,၅၀၉ | ၂၈၄.၃၇ | ၂,၀၄၉,၀၃၈ | ၇၄၁.၁၇ |
| ၂၀၂၁-၂၀၂၂ | ၁,၃၀၄,၅၀၇ | ၄၅၉.၈၈ | ၈၂၇,၇၂၆ | ၂၅၆.၀၈ | ၂,၁၃၂,၂၃၃ | ၇၁၅.၉၆ |
| ၂၀၂၂-၂၀၂၃ | ၁,၃၂၇,၉၇၆ | ၅၁၈.၀၅ | ၈၆၉,၅၃၅ | ၃၀၃.၂၅ | ၂,၁၉၇,၅၁၁ | ၈၂၁.၃၀ |
| ၂၀၂၃-၂၀၂၄ (ပြေီထိ) | ၄၄,၈၀၆ | ၂၀.၃၉ | ၄၄,၆၂၁ | ၁၆.၉၇ | ၈၉,၄၂၇ | ၃၇.၃၆ |

*အရင်းအမြစ်။ ကုန်သွယ်ရေးဦးစီးဌာန*


၃၁။ ၂၀၁၇-၂၀၁၈ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆန်နှင့်ဆန်ကွဲ တင်ပို့မှုကို နှိုင်းယှဉ်ကြည့်ပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်သည် မက်ထရစ်တန်ချိန် (၃.၅၉) သန်းအထိ စံချိန်တင် တင်ပို့နိုင်ခဲ့သဖြင့် ဆန်နှင့်ဆန်ကွဲ တင်ပို့မှု အများဆုံးနှစ်ဖြစ်ခဲ့ပါသည်။ အဆိုပါနှစ်တွင် စပါးစိုက်ဧရိယာနှင့် ရိတ်သိမ်းဧရိယာတို့မှာ ပိုမိုများပြားခြင်း၊ အထွက်နှုန်းသိသိသာသာကောင်းမွန်သည့်အတွက် စပါးထွက်ရှိမှု မြင့်မားခြင်း၊ ဆန်လက်ကျန်များပြားခြင်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့်ပင် တရုတ်နိုင်ငံသို့ ဆန်မက်ထရစ်တန်ချိန် (၁.၇) သန်းအထိ တင်ပို့နိုင်ခဲ့ခြင်းစသည်တို့အပြင် ပါကစ္စတန်နိုင်ငံ၏ တင်ပို့မှု လျော့ကျခဲ့ခြင်းကြောင့် အစားထိုး




**ပုံ (၁၁) မြန်မာနိုင်ငံ၏ ဘဏ္ဍာနှစ် (ဧပြီ-မတ်) အလိုက် ဆန်နှင့် ဆန်ကွဲ တင်ပို့မှု အခြေအနေ** *(ကုန်သွယ်ရေးဦးစီးဌာန)*

ဈေးကွက်အဖြစ် မြန်မာနိုင်ငံမှ ပိုမိုတင်ပို့နိုင်ခဲ့ပြီး ဆန်နှင့်ဆန်ကွဲ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၁.၁၄) ဘီလီယံအထိ ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပါသည်။ အဆိုပါနှစ်တွင် မြန်မာနိုင်ငံမှ ဆန်အများဆုံး တင်ပို့ခဲ့သော နိုင်ငံများမှာ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ COTE D'IVOIRE၊ ဂီနီ၊ မက်ဒါဂါစကာ၊ အာဖဂန်နစ္စတန်နှင့် သီရိလင်္ကာနိုင်ငံတို့ဖြစ်ပြီး တရုတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ (၅၈၅) သန်း တန်ဖိုးရှိ ဆန်မက်ထရစ်တန်ချိန် (၁.၇၁) သန်းကို မြန်မာနိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့ရပါသည်။ (ပုံ-၁၁)

၃၂။ ရန်ကုန်ဈေးကွက်၌ ပေါ်ဆန်းတစ်တင်းလျှင် (၅၂,၀၀၀) ကျပ်နှုန်းဖြင့် ဒီဇင်ဘာလအတွင်း ဈေးအမြင့်ဆုံးရရှိခဲ့ပြီး မန္တလေးဈေးကွက်၌ (၇၀,၃၃၃) ကျပ်နှုန်းဖြင့် ဒီဇင်ဘာလတွင်အမြင့်ဆုံးရရှိခဲ့သည်။ မနောသုခတစ်တင်းသည် ရန်ကုန်ဈေးကွက်တွင် (၂၆,၆၆၇) ကျပ်ဖြင့် ဈေးအမြင့်ဆုံးရရှိခဲ့ပြီး မန္တလေးဈေးကွက်တွင် (၃၅,၅၀၀) ကျပ်ဖြင့် ဈေးအမြင့်ဆုံးရရှိခဲ့ပါသည်။ လအလိုက် ဈေးနှုန်းများအရ မန္တလေးဈေးကွက်သည် ရန်ကုန်ဈေးကွက်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်း ပိုမိုမြင့်မားနေပြီး ဆန်ဈေးနှုန်းများမှာလည်း ဆက်လက်မြင့်တက်လျက်ရှိပါသည်။ ရန်ကုန်ဈေးကွက်တွင် ပေါ်ဆန်းမွှေးနှင့် မနောသုခတို့၏ ဈေးနှုန်းကွာဟချက်သည် (၂၅,၀၀၀) ကျပ်ခန့်ရှိပြီး မန္တလေးဈေးကွက်တွင် (၃၄,၀၀၀) ကျပ်ခန့် ကွာဟချက် ရှိနေပါသည်။ ရန်ကုန်ဈေးကွက်၌ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း ပေါ်ဆန်းမွှေး တစ်တင်းဈေးနှုန်းသည် (၃၁,၃၃၃) ကျပ်ဖြစ်ခဲ့ရာမှ ဒီဇင်ဘာလတွင် တစ်တင်းလျှင် (၅၂,၀၀၀) ကျပ်အထိ ဈေးနှုန်းရရှိခဲ့သဖြင့် ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက (၆၆) ရာခိုင်နှုန်းအထိ ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။ ထို့အတူ မန္တလေးဈေးကွက်တွင်လည်း ဇန်နဝါရီလအတွင်း ပေါ်ဆန်းမွှေးတစ်တင်းလျှင် (၃၈,၆၆၇) ကျပ်ဖြစ်ခဲ့ရာမှ ဒီဇင်ဘာလတွင် တစ်တင်းလျှင် (၇၀,၃၃၃) ကျပ်အထိ ဈေးနှုန်းမြင့်တက်ခဲ့သဖြင့် ဇန်နဝါရီလနှင့်နှိုင်းယှဉ်ပါက (၈၂) ရာခိုင်နှုန်းအထိ ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။ (ပုံ-၁၂)




**ပုံ (၁၂) ၂၀၂၂ ခုနှစ်အတွင်း ဆန်အမျိုးအစားအလိုက် ဈေးနှုန်း ကွာဟချက်** *(စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန)*





## (ဆ) သုံးသပ်ချက်များ

အပေါင်းလက္ခဏာဆောင်သောအချက်များ **(Positive)** | အနုတ်လက္ခဏာဆောင်သောအချက်များ **(Negative)**

### အတွင်းမှလွှမ်းမိုးစေသောအချက်များ **(Internal Factors)**

#### အားသာချက် **(Strength)**

- အရည်အသွေးကောင်းစပါးမျိုးစေ့များ ထုတ်လုပ်ပေးနိုင်သည့် မျိုးစေ့ခြံများ ရှိထားပြီးဖြစ်ခြင်း
- အရည်အသွေးကောင်း စပါးမျိုးကွဲများ ပေါများစွာရှိခြင်း
- စပါးစိုက်ဧရိယာများ အများအပြားရှိခြင်းနှင့် စိုက်ဧရိယာ တိုးချဲ့ရန်အတွက် မြေဧရိယာ အလုံအလောက်ရှိခြင်း
- တောင်သူများမှ အခြားသီးနှံများထက် စပါးစိုက်ပျိုးရန် ပိုမိုစိတ်ဝင်စားခြင်းနှင့် လုပ်ငန်းအတွေ့အကြုံရှိခြင်း
- အစိုးရ၏ ထောက်ပံ့မှုနှင့် သုတေသနပြု ဆန်းစစ်လေ့လာထားချက်များ အခြားသီးနှံများထက် ပိုမိုများပြားခြင်း
- အဓိကသီးနှံ (Major crop) ဖြစ်သည့်အတွက် ပြည်တွင်းပြည်ပ ဈေးကွက် အခိုင်အမာရှိခြင်း
- အကျိုးတူလယ်ယာစနစ်ဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်း
- ဆန်စပါးနှင့်ပတ်သက်၍ အထောက်အကူပြု အဖွဲ့အစည်းများ ရှိပြီးဖြစ်ခြင်း

#### အားနည်းချက် **(Weakness)**

- ဈေးနှုန်းသင့်တင့်သော သွင်းအားစုများလိုအပ်ခြင်းနှင့် လယ်ယာမြေများ စနစ်တကျဖော်ဆောင်နိုင်မှု အားနည်းခြင်း
- လယ်ယာလုပ်သားလိုအပ်ချက် မြင့်မားလာသော်လည်း စက်ကိရိယာ အစားထိုးဆောင်ရွက်နိုင်မှု နည်းပါးနေခြင်း
- အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက အထွက်နှုန်းနိမ့်ကျနေခြင်း
- တောင်သူများသည် သမာရိုးကျစိုက်ပျိုးနည်းစနစ်များကိုသာ အားထားနေပြီး နည်းပညာသစ်များနှင့် ထိတွေ့လိုစိတ် နည်းပါးခြင်း
- တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ရန်အတွက် ရေပံ့ပိုးပေးနိုင်မှုနှင့် ရရှိနိုင်မှု နည်းပါးခြင်း
- ဆန်စပါးရိတ်သိမ်းချိန်လွန်နည်းပညာများဖွံ့ဖြိုးမှုအားနည်းခြင်းနှင့် လယ်ယာသုံးစက်ကိရိယာများအတွက် လုံလောက်သော ရင်းနှီးမြှုပ်နှံမှုများ မရှိခြင်း
- သုတေသန (Research) နှင့် ပညာပေးအစီအစဉ်များ (Extension) အားနည်းခြင်း
- တန်ဖိုးကွင်းဆက်တစ်လျှောက် သက်ဆိုင်ရာနယ်ပယ်အချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု အားနည်းခြင်း
- နည်းပညာနှင့် ငွေကြေးအကူအညီများ လိုအပ်ခြင်း

### ပြင်ပမှလွှမ်းမိုးစေသောအချက်များ **(External Factors)**

#### အခွင့်အလမ်း **(Opportunity)**

- ပြည်တွင်းဆန်ဖူလုံခြင်းမှ ပြည်ပသို့ ဆန်ပမာဏ ပိုမိုတင်ပို့လာနိုင်ခြင်း
- သက်ဆိုင်ရာ အဖွဲ့အစည်းများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာနိုင်ခြင်း
- အရည်အသွေးပိုင်းဆိုင်ရာ ပိုမိုတိုးတက်လာပြီး တန်ဖိုးမြင့်ဆန်များ ထုတ်လုပ်လာနိုင်ခြင်း
- တန်ဖိုးကွင်းဆက်တစ်လျှောက် ပါဝင်သူများ၏ လူမှုစီးပွား ဘဝ မြင့်မားလာနိုင်ခြင်း
- ခေတ်မီနည်းစနစ်များနှင့် ပိုမိုထိတွေ့ရန် အခွင့်အရေးများ ရရှိနိုင်ခြင်း
- အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ပေးနိုင်ခြင်း
- သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုအားကောင်းလာနိုင်ခြင်း

#### ခြိမ်းခြောက်မှု **(Threat)**

- သွင်းအားစုနှင့် သယ်ယူစရိတ်မြင့်မားခြင်း
- ခေတ်မီလယ်ယာသုံးစက်ကိရိယာများအသုံးပြုရန် ကျွမ်းကျင်လုပ်သားများ လိုအပ်ခြင်း
- လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလိုမှု နည်းပါးခြင်း
- ကုန်ထုတ်လမ်းများ ဖောက်လုပ်ထားရှိမှု နည်းပါးခြင်း
- ရေပေးဝေရေးစနစ်များ အားနည်းခြင်း
- တောင်သူများ၏ မိရိုးဖလာ စိုက်နည်းစနစ်များအပေါ် ပြုပြင်ပြောင်းလဲရန် ခက်ခဲခြင်း
- ပိုးမွှားရောဂါနှင့် သဘာဝဘေးအန္တရာယ်များကြိုတင် ကာကွယ်သည့်စနစ် အားနည်းခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုဒဏ်နှင့် ပိုးမွှားရောဂါဒဏ်ကို ပိုမိုခံစားရခြင်း
- ဆေးဖျန်းပြီး မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ရက် (Preharvest Interval-PHI)၊ သီးနှံများတွင် အမြင့်ဆုံး ပါဝင်ရမည့် ဓာတ်ကြွင်းပမာဏ (Maximum Residues Limits-MRLs) စသည်တို့နှင့် ပတ်သက်ပြီး သိရှိမှုနှင့် ဗဟုသုတအားနည်းခြင်း
- တောင်သူများနှင့် ယုံကြည်မှု တည်ဆောက်ရန် အားနည်းခြင်း
- လယ်ယာမြေများကို အခြားနည်းသုံးစွဲလာကြခြင်းနှင့် လယ်ယာလုပ်သားများ မြို့ပြများသို့ ပြောင်းရွှေ့လုပ်ကိုင်လာကြခြင်း

မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍအား SWOT analysis ဖြင့် လေ့လာသုံးသပ်ခြင်း

အပေါင်းလက္ခဏာဆောင်သောအချက်များ **(Positive)** | အနုတ်လက္ခဏာဆောင်သောအချက်များ **(Negative)**

**အတွင်းပိုင်းမှဖြစ်ပေါ်စေသည့်အချက်များ (Internal Factors)**

### အားသာချက် (Strength)

- MSMEs လုပ်ငန်းများ အကောင်အထည်ဖော်ရေးတွင် နိုင်ငံတော်အစိုးရ၏ အားပေးမှု မြင့်မားခြင်းကြောင့် ကြိတ်ခွဲထုတ်လုပ်မှုလုပ်ငန်းများနှင့် ဆန်ကိုအခြေခံသည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် လုပ်ငန်းများအပေါ် ကူညီထောက်ပံ့မှု ရရှိနိုင်ခြင်း
- စားသောက်မှုပုံစံအရ ဆန်ကို အခြေခံခြင်းကြောင့် ပြည်တွင်းဆန် ဈေးကွက်အခိုင်အမာရှိခြင်း
- နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များရှိခြင်း
- တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှု အားကောင်းခြင်း
- မြန်မာ့ဆန်သည် ကမ္ဘာ့ဈေးကွက်တွင် နေရာတစ်ခု အခိုင်အမာ ရရှိပြီးဖြစ်ခြင်း

### အားနည်းချက် (Weakness)

- လျှပ်စစ်မီး လုံလောက်စွာမရရှိခြင်း၊
- အသေးစား၊ အငယ်စား၊ အလတ်စား ဆန်စက်များအဆင့်မြင့် တင်ရန်နှင့် နိုင်ငံတကာအဆင့်မီ Integrated rice complex များ တည်ထောင်နိုင်ရန် လိုအပ်ခြင်း
- **Warehouse Receipt Financing System များတွင်ကျယ်စွာ ကျင့်သုံးနိုင်မှု မရှိခြင်း
- ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရန် အဓိကလိုအပ်ချက်ဖြစ်သော သယ်ယူပို့ဆောင်ရေးကဏ္ဍများ (logistics) တွင် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေခြင်းနှင့် အဟန့်အတားများ လျော့ကျစေရန် စီမံနိုင်မှု အားနည်းခြင်း
- နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ကုန်သွယ်ရေးဆိပ်ကမ်းများကို အဆင့်မြင့်တင်ရန်လိုအပ်ခြင်း
- အရည်အသွေး ခွဲခြမ်းစိတ်ဖြာနိုင်သော နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းအရေအတွက်နှင့် ဝန်ဆောင်မှုပေးနိုင်စွမ်း နည်းပါးခြင်း
- ဆန်ဈေးနှုန်းတည်ငြိမ်ရေးဆိုင်ရာကြီးကြပ်ကွပ်ကဲမှုအားနည်းခြင်း
- ပြည်တွင်းပြည်ပဈေးကွက်သုတေသနနှင့် Supply chain analysis များ ဆောင်ရွက်နိုင်မှု အားနည်းခြင်း
- လအလိုက် ဆန်လက်ကျန်စာရင်း ကိန်းဂဏန်းအချက်အလက်များ ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ခြင်း

**ပြင်ပမှဖြစ်ပေါ်စေသည့်အချက်များ (External Factors)**

### အခွင့်အလမ်း (Opportunity)

- မွေးမြူရေးလုပ်ငန်းများတွင် အသုံးပြုနိုင်သည့် အရည်အသွေး ကောင်းသော By-products များကို ပိုမို တွင်ကျယ်စွာ ထုတ်လုပ်လာနိုင်ခြင်း
- ကြိတ်ခွဲရာမှ ရရှိလာမည့် By-products များကို အသုံးပြု၍ လောင်စာတောင့်များ၊ ဖွဲနုဆီများ အစရှိသည့် တန်ဖိုးမြင့် ထုတ်ကုန်များကို ပိုမို ထုတ်လုပ်အသုံးပြုလာနိုင်ခြင်း
- စနစ်တကျထုပ်ပိုးရောင်းချမှုများ အဆင့်မြင့်မားလာနိုင်ခြင်း
- ပြည်တွင်းပြည်ပဈေးကွက် ချဲ့ထွင်လာနိုင်ခြင်း
- ပြည်တွင်းရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ တိုးပွားလာနိုင်ခြင်း
- Foreign Direct Investment များကို ပိုမို ဖိတ်ခေါ်လာနိုင်ခြင်း
- နည်းပညာအသုံးချနိုင်စွမ်း ပိုမိုမြင့်မားလာနိုင်ခြင်း

### ခြိမ်းခြောက်မှု (Threat)

- ပြည်ပရင်းနှီးမြှုပ်နှံမှုများကို အဟန့်အတား မဖြစ်စေရန် မူဝါဒများ ထိန်းညှိချမှတ်နိုင်မှု အားနည်းခြင်း
- ကမ္ဘာ့ဆန်ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုမြင့်မားလာခြင်း
- ကုန်သွယ်ရေးဆိပ်ကမ်းများ၏ အခြေခံအဆောက်အဦနှင့် အခြေခံလိုအပ်ချက်များ (infrastructure and facilities) အားနည်းခြင်းကြောင့် ကုန်ကျစရိတ် ပိုမိုကုန်ကျစေခြင်း
- ကုန်သွယ်မှု မြင့်မားလာပါက ပြည်တွင်းကုန်စည်ဈေးနှုန်းများနှင့် ပြည်တွင်းဆန်ဖူလုံရေးကို ထိခိုက်လာနိုင်ခြင်း

**မြန်မာနိုင်ငံ၏ ဆန်စပါးကြိတ်ခွဲထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကဏ္ဍများအား SWOT analysis ဖြင့် လေ့လာသုံးသပ်ခြင်း**

**Notes: Warehouse Receipt Financing System ဆိုသည်မှာ တောင်သူများ၏ စိုက်ပျိုးရေးထွက်ကုန်များကို အသိအမှတ်ပြု သိုလှောင်ရုံ (Warehouse) တစ်ခုခုတွင် အာမခံပစ္စည်းအဖြစ် အပ်နှံပြီး ၎င်းသိုလှောင်ရုံများမှ ကုန်ပစ္စည်း အရေအတွက်၊ အရည်အသွေးများကို စစ်ဆေးပြီးနောက် ပြန်လည်ပေးအပ်လာမည့် ကုန်လက်ခံဖြတ်ပိုင်းများ (Receipts) ကို ဘဏ်တွင် ပြသ၍ ပစ္စည်းတန်ကြေးအလိုက် ငွေထုတ်ချေးနိုင်သည့်စနစ် ဖြစ်ပါသည်။ ၎င်းအပြင် တောင်သူများသည် ၎င်းတို့၏ ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာသည့်အချိန်တွင်လည်း ၎င်းတို့၏ ကုန်ပစ္စည်းများကို ကုန်သည်များထံ တိုက်ရိုက်ရောင်းချနိုင်ပြီး ၎င်းမှ ရရှိလာမည့် ငွေဖြင့် ချေးငွေအား ပြန်လည်ပေးဆပ်နိုင်မည် ဖြစ်ပါသည်။

## (၉) မူဝါဒဆိုင်ရာ အကြံပြုချက်များ

၃၃။ မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းပြီး နိုင်ငံတော်အစိုးရအနေဖြင့် အောက်ဖော်ပြပါ အချက်အလက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်-

(က) သွင်းအားစုများကို ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူနေရသည့်အပြင် အရည်အသွေးစိတ်ချရမှု အားနည်းနေခြင်းကြောင့် အစိုးရအနေဖြင့် တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေများ တိုက်ရိုက်ပံ့ပိုးပေးရုံသာမက ပုဂ္ဂလိကနှင့်ချိတ်ဆက်ပြီး သွင်းအားစုများ ထောက်ပံ့ပေးသည့် အစီအစဉ်များ ဆောင်ရွက်ပေးခြင်း (Input subsidies)၊ အစိုးရဘဏ်စနစ်များကို အဆင့်မြှင့်တင်ပြီး စပါးစိုက်တောင်သူများအတွက် အာမခံချက် အပြည့်အဝပေးနိုင်သည့် သီးနှံအာမခံစနစ်များ (Crop insurance system)၊ ဝင်ငွေအာမခံစနစ်များ (rice income guarantee system) ဆောင်ရွက်ပေးခြင်း၊ သီးနှံပေါ်သည့်ရာသီတွင် တောင်သူများအတွက် ငွေထုတ်ပေးထားနိုင်ပြီး သီးနှံဈေးကောင်းရရှိသည့် အချိန်ရောက်မှ ပြန်လည်ရောင်းချနိုင်သည့် Warehouse Receipt System များအသုံးပြုနိုင်ရန် ပံ့ပိုးကူညီပေးခြင်းများ ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) ထုတ်လုပ်မှုမြှင့်တင်ရာတွင် အဓိကလိုအပ်ချက်ဖြစ်သော တစ်ဧကအထွက်နှုန်း မြင့်မားရေးအတွက် စပါးမျိုးကောင်းမျိုးသန့်များကို မျိုးစေ့ခြံများမှတစ်ဆင့် ဖြန့်ဝေပေးနိုင်ရေး အလေးထားဆောင်ရွက်ခြင်း၊ မျိုးသစ်များ ထုတ်လုပ်ခြင်းထက် ပြည်တွင်းရှိ အရည်အသွေးကောင်းမျိုးရင်းများကိုသာ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး မျိုးအရည်အသွေးပိုင်းဆိုင်ရာ ထိခိုက်မှုမရှိရေးအတွက် မျိုးစေ့ပွားများသည့်လုပ်ငန်း (Seed Multiplication) ကို အထူးဂရုစိုက် ဆောင်ရွက်ခြင်းများ ပြုလုပ်သင့်ပါသည်။ ထို့အပြင် မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးလုပ်ငန်းများကို အစိုးရသာမက တောင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များပါ စိတ်ဝင်စားမှု မြင့်မားလာစေရန် အကျိုးတူလယ်ယာစနစ်များ အသုံးပြု၍ ပူးပေါင်းဆောင်ရွက်နိုင်ရန် ပံ့ပိုးကူညီသင့်ပါသည်။

(ဂ) နွေစပါးသည် ဆည်ရေသောက်ဧရိယာအတွင်းသာ စိုက်ပျိုးထုတ်လုပ်နိုင်သည့်အပြင် ရေလုံလောက်စွာရရှိပါက မိုးစပါးထက် အထွက်နှုန်းမြင့်မားစွာ ရရှိသည့်အတွက် ပြည်တွင်းဆန်စပါးထုတ်လုပ်မှုကို မြှင့်တင်နိုင်ရန် နွေစပါးအတွက် စိုက်ပျိုးရေ ကောင်းစွာ ရရှိရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။ ရေသွင်းရေထုတ်စနစ်များ၊ ရေစီမံခန့်ခွဲမှုနည်းပညာများနှင့် ဆည်ရေပံ့ပိုးမှုစနစ်များ စသည်တို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်၍ ရေလုံလောက်စွာရရှိရေးအတွက် စနစ်တကျ စီမံဆောင်ရွက်သင့်ပါသည်။

(ဃ) သွင်းအားစုဈေးနှုန်းများ မြင့်တက်နေသည့်အတွက် ပြည်တွင်းဆန်စက်များ၊ ဆီကြိတ်ခွဲသန့်စင်စက်များ၊ မွေးမြူရေးလုပ်ငန်းများစသည်တို့မှ ထွက်ရှိလာသည့် ဖွဲနု၊ ဆီ ကြိတ်ဖတ်၊ စပါးခွံ၊ ကောက်ရိုးနှင့် တိရစ္ဆာန်ချေးများစသည်တို့ကို အသုံးပြု၍ သဘာဝမြေဩဇာ၊ ဇီဝမြေဩဇာများကို ပြည်တွင်း၌ တွင်ကျယ်စွာ ထုတ်လုပ်နိုင်သည့် လုပ်ငန်းများ ပေါ်ထွန်းလာစေရန် အားပေးကူညီဆောင်ရွက်သင့်ပါသည်။

(င) မိုးစပါး ထွက်ရှိချိန်ဖြစ်သော အောက်တိုဘာလမှ ဇန်နဝါရီလအတွင်းတွင်လည်းကောင်း၊ နွေစပါးထွက်ရှိချိန်ဖြစ်သော မတ်လမှ ဇူလိုင်လအတွင်းတွင်လည်းကောင်း ထွက်ရှိလာသော ဆန်စပါးများကို သိုလှောင်သိမ်းဆည်းထားနိုင်သည့် သိုလှောင်ရုံများရှိမှသာ တောင်သူများအနေဖြင့် သီးနှံလေလွင့်ဆုံးရှုံးမှုနည်းသဖြင့် ဈေးကောင်းရရှိသည့်အချိန်ကို စောင့်ဆိုင်းပြီး ရောင်းချနိုင်မည်ဖြစ်သည့်အတွက် ဒေသအလိုက် စပါးအခြောက်ခံစက်များ၊ အဆင့်မီသိုလှောင်ရုံများ တည်ဆောက်နိုင်ရေး အားပေးကူညီပေးသင့်ပါသည်။

(စ) ဆန်စပါးအရည်အသွေးပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရိတ်သိမ်းချိန်လွန်နည်းပညာများ (Postharvest technology) ဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နည်းပညာများ ဖြန့်ဝေခြင်းနှင့် ပညာပေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ခြင်း၊ ဓာတ်ခွဲခန်းများ တည်ဆောက်ပေးခြင်းစသည်တို့ ဆောင်ရွက်သင့်ပါသည်။

(ဆ) ပြည်တွင်းရှိ ဆန်စက်များ၏ (၄) ရာခိုင်နှုန်းခန့်သာ တန် (၁၀၀) နှင့်အထက် ဆန်စက်ကြီးများဖြစ်ပြီး အများစုမှာ တန် (၄၀) အောက် ဆန်စက်အငယ်များဖြစ်နေသည့်အပြင် ဆန်စက်ပေါင်း (၁,၇၁၄) ၏ စုစုပေါင်းကြိတ်ခွဲနိုင်စွမ်းအားမှာ မက်ထရစ်တန်ချိန် (၄၈,၅၉၃) သာရှိသဖြင့် နိုင်ငံတကာအဆင့်မီ ဆန်စက်များ၊ ဘက်စုံသုံးဆန်စက်ကြီးများ (Integrated Rice Complex) တိုးချဲ့တည်ဆောက်နိုင်ရန် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို အားပေးကူညီသင့်ပါသည်။

(ဇ) ဆန်စပါးကြိတ်ခွဲရာတွင် By-products အဖြစ် ထွက်ရှိလာသော စပါးခွံနှင့် ဖွဲနုများကို လောင်စာတောင့်များ၊ မြေဩဇာများ၊ ဖွဲနုဆီများ စသည်တို့အဖြစ် ပြန်လည်အသုံးပြုနိုင်ရေးအတွက် နည်းပညာနှင့် ငွေကြေးအကူအညီများ ပံ့ပိုးပေးနိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသင့်ပါသည်။

(စျ) ဘဏ္ဍာနှစ် (သို့မဟုတ်) သီးနှံနှစ် (crop year) အလိုက် ပြည်တွင်းဆန်ဖူလုံမှု အခြေအနေ၊ နှစ်အစနှင့်အဆုံး ဆန်လက်ကျန်ကျန်ရှိမှု အခြေအနေ (opening stock, closing stock)၊ ပြည်တွင်းဆန်စားသုံးမှုနှင့် အခြားနည်းသုံးစွဲမှု အခြေအနေတို့ကို ကိန်းဂဏန်းအမှန်အကန်များဖြင့် စနစ်တကျ တွက်ချက်၍ မူဝါဒရေးဆွဲသူများနှင့် နိုင်ငံတော်အဆင့် အကြီးအကဲများပါ သိရှိနိုင်စေရေး စီမံဆောင်ရွက်သင့်ပါသည်။

(ည) စားသုံးသူနှင့် တောင်သူ နှစ်ဦးနှစ်ဖက်လုံး အကျိုးအမြတ်ရရှိနိုင်မည့် ဆန်စပါးရည်ညွှန်း စျေးနှုန်းများကို ချမှတ်နိုင်ရေးအတွက် အတွေ့အကြုံရှိသော ကျွမ်းကျင်ပညာရှင်များ ဖွဲ့စည်းပြီး စီစဉ်ဆောင်ရွက်သင့်ပါသည်။

(ဋ) ပြည်ပသို့ ဆန်တင်ပို့မှု မြင့်မားလာပါက ပြည်တွင်းဆန်စျေးနှုန်းများ မြင့်တက်လာနိုင်သည့်အတွက် ကုန်စည်လက်ကျန်အခြေအနေများ၊ အရန်ဆန်အခြေအနေများ၊ ပြည်တွင်းသုံးစွဲမှုအခြေအနေများ၊ ပြည်ပတင်ပို့မှု အခြေအနေများ စသည်တို့ကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာပြီး ကြုံတွေ့လာရသည့် အခြေအနေပေါ်မူတည်၍ သိုလှောင်မှု၊ တင်ပို့မှု၊ ရောင်းချမှုတို့အပေါ် မူဝါဒဆိုင်ရာထိန်းညှိမှုများ အလျင်းသင့်သလို ပြုလုပ်ပေးသင့်ပါသည်။

## ကိုးကားချက်များ


စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

FAO stat

Fazlani Exports Pvt. Ltd.

International Grain Council

Michelin Guide

Mordor Intelligence

Reuters

Statista

The Food Institute

United States Department of Agriculture

USA Rice Federation

World Integrated Trade Solution



ပုံနှိပ်သူ-မိဘအေးရိပ်ပုံနှိပ်တိုက် (၀၀၉၀၂)

Phone: ၀၉-၅၁၉၆၈၆၆၊ ၀၉-၄၃၁၁၄၁၄၄

Address: အမှတ်-၃၆/ဘီ၊ (၅၅) လမ်း၊
အလယ်ဘလောက်၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။



လယ်ယာစီးပွားနှင့်ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

Email: agribusiness.dopmoali@gmail.com

Phone: ၀၆၇၃-၄၁၀၁၀၇၊ ၀၆၇၃-၄၁၀၆၈၄

Address: ရုံးအမှတ် (၁၅)၊ နေပြည်တော်။